# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသောမြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဓမ္မပဒ( ဓမ္မပဒ-၃၈၀)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ သောကြာနေ့။ Friday, 8 November 2024 ၁၁၆၃၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




(၁၀)ကြိမ်မြောက် ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။

### အက်မက်စ်နိုင်ငံများအား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များမှတစ်ဆင့် လူမှု-ယဉ်ကျေးမှုဆိုင်ရာ ထိတွေ့ဆက်ဆံမှုများ မြှင့်တင်

## မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွပေါင်းစည်းအင်အားဖြင့် အက်မက်စ်ဒေသ ဘက်စုံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရန် ဝမ်းမြောက်ဝမ်းသာစွာ ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၇

(၁၀)ကြိမ်မြောက် ဧရာဝတီ– ကျောက်ဖရား– မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေး (10th Ayeyawady– Chao Phraya–Mekong Economic Cooperation Strategy–ACMECS)ကို ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Wyndham Grand Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့် အဖွဲ့ဝင်များ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Pham Minh Chich၊ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone၊ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪


**ယနေ့ ဖတ်စရာ**

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေး**


စာမျက်နှာ » ၁၀


**မန္တလေးတိုင်းဒေသကြီး၌ ဆီထွက်သီးနှံ နေကြာအပါအဝင် သီးထပ်သီးနှံ တိုးချဲ့စိုက်ပျိုးရေး ကြိုးပမ်း**


စာမျက်နှာ » ၁၄


**ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့**


ဆောင်းပါး စာမျက်နှာ » ၁၇

ကြေးမုံ

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်

မြန်မာနိုင်ငံသည် ရေမြေသဘာဝကောင်းမွန်ပြီး တွင်းထွက်သယံဇာတများနှင့်သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝသောနိုင်ငံဖြစ်သည်။ တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ ဆုံရာနေရာ၌ အချက်အချာကျကျ တည်ရှိသောကြောင့် မဟာဗျူဟာကျပြီး လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ဗဟိုချက်မနေရာတွင် တည်ရှိသည်။ မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် လူဦးရေထူထပ်များပြားသည့် အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တည်ရှိသည်။ တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့်နိုင်ငံဖြစ်သည်။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် နှစ်နိုင်ငံကြား နက်ရှိုင်းသောဆက်ဆံရေးကောင်းများရှိသည့် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ပြီး ခွဲခြားမရသည့် ဆက်ဆံရေးကောင်းကို ပိုင်ဆိုင်ထားသည်။ နှစ်ပေါင်းရှည်ကြာခဲ့ပြီဖြစ်သော တရုတ်-မြန်မာနှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုသည် မကြာမီကာလတွင် စိန်ရတုမှတ်တိုင်သို့ပင် ရောက်ရှိလာတော့မည်ဖြစ်သည်။ ယနေ့အချိန်အခါတွင် တရုတ်-မြန်မာနှစ်နိုင်ငံ ခေါင်းဆောင်များအကြား၊ နှစ်နိုင်ငံပြည်သူများအကြား၊ စီးပွားရေးလုပ်ငန်းများအကြား၊ အစိုးရဌာနအဖွဲ့အစည်းများအကြား ကောင်းမွန်သည့်ဆက်ဆံရေးများကို လက်တွေ့ဖော်ဆောင်ပြီး အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မြဲလာသည်ကို တွေ့ရသည်။

အထူးသဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံရေးဆက်နွှယ်မှုများမှာလည်း ရှိရင်းစွဲတိုးတက်ခိုင်မြဲမှုများရှိခဲ့သည့်အပြင် ယနေ့ကာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများမှ မြန်မာနိုင်ငံက သွားလိုသည့်အနာဂတ်ကို လျှောက်လှမ်းနိုင်ရန် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ကို ရရှိလာမည်ဖြစ်သည်။

အဆိုပါထိပ်သီးအစည်းအဝေးများသည် မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဖော်ဆောင်နိုင်မည့်အပြင် မဟာမဲခေါင်ဒေသခွဲမှ မိတ်ဆွေနိုင်ငံများဖြစ်သည့် လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်တို့နှင့်ပါ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဖော်ဆောင်လာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံရှိသည့်အနက် တရုတ်နိုင်ငံသည် ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်၍ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းများနှင့် နိုင်ငံသားများ၏ လုံခြုံဘေးကင်းရေးကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ကူမင်းမြို့သို့ ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည့် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ၊ ဆောင်ရွက်လိုသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်မှုစီမံချက်အား မြန်မာဘက်မှ အလေးထားဆောင်ရွက်လျက်ရှိသည်။ တရုတ်-မြန်မာနှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေးမြှင့်တင်ရာတွင် နယ်စပ်ဒေသကုန်သွယ်ရေးသည် အဓိကကျသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။

အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကြိုဆိုညစာစားပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အရေးပါပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသရှိ လက်နက်ကိုင်များ၏ အထောက်အပံ့များဖြစ်သည့် တရားမဝင်လုပ်ငန်းများ၊ တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က "မြန်မာနိုင်ငံမြောက်ပိုင်း တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုပါကြောင်းနှင့် တရုတ်နိုင်ငံအတွင်းအခြေပြု၍ မြန်မာနိုင်ငံ၏အကျိုးကို ပျက်စီးအောင်ဆောင်ရွက်နေမှုများကို လက်သင့်ခံမည်မဟုတ်ကြောင်း" ပြောကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံရေးအရယုံကြည်မှုများ ပိုမိုတိုးတက်ခိုင်မြဲလာပြီဖြစ်ရာ နယ်ပယ်စုံကဏ္ဍပေါင်းစုံ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဖော်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် **"Amplifying the leadership of persons with disabilities for an inclusive and sustainable future"** ကို **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"** ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ၊

(ခ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊

(ဂ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊

(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊

(င) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊

(စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့်စပ်လျဉ်း၍ ထင်မြင်ယူဆချက် (ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ နေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာအတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသောပတ်ဝန်းကျင်၏အဓိပ္ပာယ်)

(ဆ) မသန်စွမ်းသူများ၏အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ SDGs နှင့် ချိတ်ဆက်နေကြောင်း ရှင်းလင်းတင်ပြချက်၊

(ဇ) အကြံပြုချက်များ၊

(ဈ) သတ်မှတ်ချက် - ပြိုင်ပွဲဝင်ဆောင်းပါးသည် ကွန်ပျူတာဖြင့်ဆိုပါက Pyidaungsu Font 13 ဖြင့် A4 (၄) မျက်နှာထက် မပိုစေရ၊ လက်ရေးစာမူဖြစ်ပါက A4 (၆) မျက်နှာထက်မပိုစေရ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၁၄-၁၁-၂၀၂၄)ရက်၊ ကြာသပတေးနေ့၊ ညနေ (၁၆:၀၀) နာရီအထိ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို ဆောင်းပါး(စာမူ) စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇ - ၁၁ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၆၀၀ | ၂,၃၆၄ | ၂၀,၁၀၀,၃၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၀ | ၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၃၅ | ၂၉၄,၀၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၁၀၀ | ၁၉၅,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၉၀၀ | ၃၈ | ၁၀၆,၉၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၉၅၉ | ၁,၆၃၀,၃၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၅၀ | ၁၆၀,၀၀၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❂ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာရာ အက်မက်စ် ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌ လာအိုနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်ပြီး တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အဖွင့်မိန့်ခွန်း ပြောကြား**

ထို့နောက် (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ လာအိုနိုင်ငံဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းကိုလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က အမှာစကားကိုလည်းကောင်း ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ၂၀၀၃ ခုနှစ်က မြန်မာနိုင်ငံ ပုဂံမြို့တွင် အခြေတည်ခဲ့သည့် အက်မက်စ် ပူးပေါင်းဆောင်ရွက်မှုသည် ယခုဆိုလျှင် ၂၀ နှစ် သက်တမ်းရှိခဲ့ပြီဖြစ်ကြောင်း၊ စတင်တည်ထောင်ချိန်ကစ၍ အက်မက်စ်သည် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရေး၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချရေးနှင့် ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှုကို မြှင့်တင်ရေးတို့အတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ မဲခေါင်နိုင်ငံ (၅)နိုင်ငံနှင့် စုစည်းထားသော အက်မက်စ်ဖြစ်သည့်အတွက် (၅)နိုင်ငံရှိ ပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှု နှောင်ကြိုးများသည် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်း ဆက်ဆံရေးအပေါ် အခြေခံထားခြင်းပင်ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို ပိုမိုမြှင့်တင်ပေးနိုင်ခဲ့**

ပူးပေါင်းဆောင်ရွက်မှုနှစ်များအတွင်း မိမိတို့ပူးပေါင်းဆောင်ရွက်မှု၏ အရှိန်အဟုန်ကို သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် အစည်းအဝေးများ ကျင်းပ၍ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များနှင့် သက်သေပြနိုင်ခဲ့ကြောင်း၊ မိမိအနေဖြင့် အက်မက်စ် ယာယီ အတွင်းရေးမှူးရုံး(AIS) တည်ထောင်နိုင်ရေး အတွက် ဆွေးနွေးညှိနှိုင်းပြီး အက်မက်စ် အဖွဲ့ဝင်နိုင်ငံများနှင့် မဲခေါင်သိပ္ပံ (MI)တို့အကြား စာချွန်လွှာ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ထိုင်းနိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုမှုနှင့် အက်မက်စ် အဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းကြိုးပမ်းမှုများကို အသိအမှတ်ပြုလိုကြောင်း၊ အက်မက်စ် ယာယီ အတွင်းရေးမှူးရုံး၏ လုပ်ဆောင်နိုင်စွမ်းသည် အက်မက်စ်မူဘောင်အောက်တွင် ဒေသတွင်းပေါင်းစည်းမှုကို ဖော်ဆောင်မည့် အက်မက်စ်၏ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို ပိုမိုမြှင့်တင်ပေးနိုင်ခဲ့ကြောင်း။

အက်မက်စ်နှင့် ပထမအသုတ် ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်များအကြား ပူးတွဲဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် ခြောက်ခုကို အတည်ပြုနိုင်ခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ ယင်းပူးတွဲဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် ဖော်ပြထားသည့်အတိုင်း မိမိတို့၏ မိတ်ဖက်များနှင့် သီးခြားပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ပြီး အလုံးစုံဖွံ့ဖြိုးတိုးတက်ပြီးခံနိုင်ရည်ရှိသည့် အက်မက်စ် အသိုက်အဝန်းကို တည်ဆောက်ရာတွင် ထပ်လောင်းအားဖြည့်နိုင်မည်ဖြစ်ကြောင်း။

အပြန်အလှန် ချိတ်ဆက်ထားသည့် သယ်ယူပို့ဆောင်ရေး ကွန်ရက်စနစ်သည် အက်မက်စ် ဒေသကို ဖွံ့ဖြိုးတိုးတက်မှုဗဟိုချက်အဖြစ် ဖန်တီးရန်ခိုင်မာသည့် အခြေခံအုတ်မြစ် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အက်မက်စ်နိုင်ငံများအကြား အကြားအလပ်မရှိ ချိတ်ဆက်နိုင်စေရန် အတွက် ဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့်ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်သင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ် အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုကောင်းမွန်သည့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု အခွင့်အလမ်းများ ဖန်တီးနိုင်ရန်နှင့် ဒေသတွင်းစီးပွားရေးစင်္ကြံများနှင့် ချိတ်ဆက်နိုင်ရန် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက် ကြိုးပမ်းလျက်ရှိကြောင်း၊ နိုင်ငံအတွင်း မြို့ပြနှင့် ကျေးလက်ဒေသများ အကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချနိုင်စေရန် စွမ်းအင်ပို့လွှတ်ရေးနှင့် လျှပ်စစ်ဓာတ်အားပေးဝေရေးကွန်ရက်များကို တိုးမြှင့်ရန် ကြိုးပမ်း ဆောင်ရွက်မှုသည် အက်မက်စ်ဒေသ တစ်ခုလုံး အတွက်လည်း အကျိုးရှိစေမည် ဖြစ်ကြောင်း။

**ဒစ်ဂျစ်တယ်စီးပွားရေးနှင့် E-Governance ကွန်ရက်များကို အဆင့်မြှင့်တင်**

ယနေ့ခေတ် ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များအရ ဒေသတွင်း အကြားအလပ်မရှိ ချိတ်ဆက်မှု မြှင့်တင်ရာတွင် ခေတ်မီတိုးတက်သည့် နည်းပညာ၏ အရေးပါမှုကို မိမိအနေဖြင့် အလေးထား ပြောကြားလိုကြောင်း၊ မိမိတို့အနေဖြင့် လုံခြုံမှုရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများနှင့် အညီ အက်မက်စ် နိုင်ငံများအကြား ငွေကြေးနှင့် ကုန်သွယ်မှုဆိုင်ရာ အစီအမံများ၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် E-Governance ကွန်ရက်များကို အဆင့်မြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များနှင့် ပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် အက်မက်စ် ပင်မစီမံချက်သည် ဖြည့်စွက်ထောက်ပံ့မှုတစ်ခုဖြစ်လာနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း။

စာမျက်နှာ ၄ သို့ »»

- ❖ **အပြန်အလှန်ချိတ်ဆက်ထားသည့် သယ်ယူပို့ဆောင်ရေး ကွန်ရက်စနစ်သည် အက်မက်စ်ဒေသကို ဖွံ့ဖြိုးတိုးတက်မှုဗဟိုချက်အဖြစ် ဖန်တီးရန် ခိုင်မာသည့် အခြေခံအုတ်မြစ်ဖြစ်**
- ❖ **မိမိတို့အနေဖြင့် အက်မက်စ်နိုင်ငံများအကြား အကြားအလပ်မရှိ ချိတ်ဆက်နိုင်စေရန်အတွက် ဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်သင့်**
- ❖ **မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုကောင်းမွန်သည့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုအခွင့်အလမ်းများ ဖန်တီးနိုင်ရန်နှင့် ဒေသတွင်းစီးပွားရေးစင်္ကြံများနှင့် ချိတ်ဆက်နိုင်ရန် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက် ကြိုးပမ်းလျက်ရှိ**

»»» စာမျက်နှာ ၃ မှ

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် အက်မက်စ်စီးပွားရေးအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံများ၏ ပြည်တွင်းအသားတင် ထုတ်ကုန် (GDP)၊ ငွေကြေးဖောင်းပွမှုနှုန်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း၊ အလုပ်အကိုင်ရရှိမှုနှင့် လူမှုဘဝဆိုင်ရာအချက်အလက်များအပေါ် လွှမ်းမိုးမှုရှိကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရိုးရှင်း၍ တိကျခိုင်မာစေခြင်းဖြင့် ဒေသတွင်းစီးပွားရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းတို့အပေါ် သိသာထင်ရှားစွာ အကျိုးပြုစေမည်ဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်**

ထို့ကြောင့် မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအား ပိုမိုကောင်းမွန်သည့် ဒေသတွင်းအဆင့်စီးပွားရေးပေါင်းစည်းမှုများဖော်ဆောင်ရေးအတွက်ပေါင်းစည်းအင်အားဖြင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် တိုက်တွန်းလိုကြောင်း၊ မိမိအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်များကို မြန်မာနိုင်ငံသို့ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် ဖိတ်ခေါ်လိုကြောင်း၊ စိုက်ပျိုးရေးသည် မြန်မာနိုင်ငံအပါအဝင် အက်မက်စ်ဒေသ၏ အစားအစာထုတ်လုပ်ခြင်း အဓိကအရင်းအမြစ်အဖြစ် ရပ်တည်လျက်ရှိပြီး အက်မက်စ်ဒေသတွင်း လူဦးရေ၏ အများစုကို ကိုယ်စားပြုသည့် ကျေးလက်ဒေသ ပြည်သူများအတွက် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကွာဟချက်လျှော့ချရေးတို့အတွက် နည်းလမ်းတစ်သွယ်လည်းဖြစ်ကြောင်း။

မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအတွင်းရှိ ပုဂ္ဂလိက ကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင် လုပ်ငန်းသစ်များကို အက်မက်စ် မူဘောင်အောက်ရှိ ခေတ်မီစီးပွားရေးလုပ်ငန်း အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ကြရန် အားပေးလိုကြောင်း၊ မြန်မာနိုင်ငံသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးပွားရေးတည်ငြိမ်မှုကို မြှင့်တင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု နည်းလမ်းများနှင့် ကြိုးပမ်းလျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းဝင်ငွေစီးဆင်းမှုကို သိသာစွာထောက်ပံ့ပေးလျက်ရှိပြီး ဆင့်ပွားအကျိုးသက်ရောက်မှုအဖြစ် ခရီးသွားလုပ်ငန်းဒေသများရှိ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့ကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်နှင့် အလုပ်အကိုင်အခွင့်အလမ်း အခက်အခဲရှိသည့် ဝေးလံခေါင်ဖျားဒေသများကို ဖွံ့ဖြိုးတိုးတက်စေသည့် နည်းလမ်းတစ်ခုလည်းဖြစ်ကြောင်း။

မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များမှတစ်ဆင့် လူမှု-ယဉ်ကျေးမှုဆိုင်ရာ ထိတွေ့ဆက်ဆံမှုများကို မြှင့်တင်ရန်နှင့် မိမိတို့သဘောတူညီထားသည့် “ငါးနိုင်ငံ၊ ခရီးစဉ်တစ်ခု” အစီအစဉ်ကို အကောင်အထည်ဖော်ပြီး ငြိမ်းချမ်း၍ အကျိုးစီးပွားဖြစ်ထွန်းသည့် အက်မက်စ်အဖွဲ့အစည်း တည်ဆောက်ရေးကို အားပေးကြဖို့ ဆန္ဒပြုလိုကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် အက်မက်စ်၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရန် အလှည့်ကျရောက်လာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့်အတူတကွ ပေါင်းစည်းအင်အားဖြင့် အက်မက်စ်ဒေသဘက်စုံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရန် ဝမ်းမြောက်ဝမ်းသာစွာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

**ဦးစားပေးဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အထူးအလေးထား ဦးစားပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ အက်မက်စ် မူဘောင်အောက်တွင် အက်မက်စ် အဖွဲ့ဝင်နိုင်ငံများ၏ ထားရှိခဲ့သည့် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုနှင့် အကျိုးအမြတ်မျှဝေမှုတို့အပေါ်တွင် အခြေခံပြီး တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ်တို့က အမှာစကားများပြောကြားကြပြီး နယူးဇီလန်နိုင်ငံကို ဒုတိယအသုတ် အက်မက်စ် ဖွံ့ဖြိုးတိုးတက်မှုနိုင်ငံအဖြစ် အတည်ပြုကြေညာ၍ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေး၏ “ဗီယင်ကျန်းကြေညာစာတမ်း”ကို ထုတ်ပြန်ကြေညာကာ အက်မက်စ် ပင်မစီမံချက်၏ နောက်ဆက်တွဲအဖြစ် “မဲခေါင်ဒေသတွင်း ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်မှု သဘောတရားစာတမ်း”ကို ထည့်သွင်းသည်။

ယင်းနောက် လာအိုနိုင်ငံဝန်ကြီးချုပ်က အက်မက်စ် အလှည့်ကျဥက္ကဋ္ဌ တာဝန်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ လွှဲပြောင်းပေးအပ်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှည့်ကျဥက္ကဋ္ဌတာဝန်ယူရခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ်ကာလတွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များမှ ရရှိသည့် အကျိုးကျေးဇူးများကို အက်မက်စ် အဖွဲ့ဝင်နိုင်ငံများအားလုံး ရရှိခံစားနိုင်ရန်အတွက် ယခင်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သကဲ့သို့ အခြေခံကျသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများ ရေးဆွဲဖော်ဆောင်ခြင်းဖြင့်လည်း ထိရောက်စွာကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အနေဖြင့် အက်မက်စ်ပူးပေါင်းဆောင်ရွက်မှုကို ယခင်ဥက္ကဋ္ဌများ ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း ပြီးပြည့်စုံ၍ ဖွံ့ဖြိုးတိုးတက်သည့် အက်မက်စ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်ရေး ရှေ့ဆက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ဥက္ကဋ္ဌအသစ်တာဝန်ကိုစတင်ထမ်းဆောင်သည့်အခါ မိမိအနေဖြင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် အက်မက်စ်ပူးပေါင်းဆောင်ရွက်မှု၏ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံအားလုံး၏ အမြော်အမြင် ကြီးမားမှု၊ ပံ့ပိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ လာမည့် အက်မက်စ် ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး အဆွေတော်တို့ကို တွေ့ဆုံနိုင်မည့် အခွင့်အလမ်းကိုမျှော်လင့်စောင့်စားလျက်ရှိကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေး (10th Ayeyawady- Chao Phraya-Mekong Economic Cooperation Strategy -ACMECS) ကို မဲခေါင်နိုင်ငံများ၏ နယ်စပ်ဒေသများတွင် ယှဉ်ပြိုင်နိုင်စွမ်းကိုတိုးမြှင့်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အခွင့်အလမ်း ပိုမိုကောင်းမွန်သည့် ဒေသများသို့ ပြောင်းရွှေ့ရာ၌ အထောက်အကူပြုရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး အဖွဲ့ဝင်နိုင်ငံများအကြား ဝင်ငွေကွာဟမှုကို လျှော့ချရန်နှင့် အားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ညီတူညီမျှသာယာဝပြောရေးတို့ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေသည့် နည်းလမ်းဖြင့် တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❖ **မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအတွင်းရှိ ပုဂ္ဂလိကကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်လုပ်ငန်းသစ်များကို အက်မက်စ်မူဘောင်အောက်ရှိ ခေတ်မီစီးပွားရေးလုပ်ငန်း အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ကြရန် အားပေးလို**

❖ **မြန်မာနိုင်ငံသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးပွားရေးတည်ငြိမ်မှုကို မြှင့်တင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းများနှင့် ကြိုးပမ်းလျက်ရှိသည်ကို အသိပေးပြောကြားလို**

❖ **ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းဝင်ငွေစီးဆင်းမှုကို သိသာစွာထောက်ပံ့ပေးလျက်ရှိပြီး ဆင့်ပွားအကျိုးသက်ရောက်မှုအဖြစ် ခရီးသွားလုပ်ငန်းဒေသများရှိ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့ကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်နှင့် အလုပ်အကိုင်အခွင့်အလမ်း အခက်အခဲရှိသည့် ဝေးလံခေါင်ဖျားဒေသများကို ဖွံ့ဖြိုးတိုးတက်စေသည့် နည်းလမ်းတစ်ခုလည်းဖြစ်**

❖ **မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အထူးအလေးထား ဦးစားပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ အက်မက်စ်မူဘောင်အောက်တွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ထားရှိခဲ့သည့် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုနှင့် အကျိုးအမြတ်မျှဝေမှုတို့အပေါ်တွင် အခြေခံပြီး တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်**





(၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို- မြန်မာ- ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို- မြန်မာ- ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၇**

(၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး (11th Cambodia – Lao PDR – Myanmar – Vietnam (CLMV) Summit)ကို ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Wyndham Grand Hotel ၌ ကျင်းပရာ ထိပ်သီးအစည်းအဝေးဥက္ကဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet၊ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Pham Minh Chich၊ အာဆီယံအတွင်းရေးမှူးချုပ် H.E.Dr. KAO KIM HOURN၊ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အဖွဲ့ဝင်များကို ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် (၈) ကြိမ်မြောက် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ကျင်းပသည့် (၁၁) ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ကြသည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆွေတော် နိုင်ငံ့ခေါင်းဆောင်အကြီးအကဲများကို ကြိုဆိုပါကြောင်း။

မိမိအနေဖြင့် စီအယ်လ်အမ်ဗွီ အဆင့်မြင့်အရာရှိကြီးများနှင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုအောက်မှ သက်ဆိုင်ရာ ဦးဆောင်နိုင်ငံအလိုက် ဖွဲ့စည်းထားသည့်လုပ်ငန်းအဖွဲ့များ၏ “(၁၁) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်(မူကြမ်း)”ကို အပြီးသတ်ရေးဆွဲနိုင်အောင် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့မှုများကိုလည်း ချီးကျူးဂုဏ်ပြုလိုကြောင်း၊ တိုင်ဖွန်းရာဂီ၏ ဆက်စပ်အကျိုးဆက်များဖြစ်သည့် ရေကြီး၊ မြေပြိုမှုများကြောင့် စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများတွင်ရှိသည့် ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများအပေါ် များစွာဝမ်းနည်းရပါကြောင်းကို ပြောကြားလိုကြောင်း။

လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးရှုပ်ထွေးမှု၊ နိုင်ငံတကာပဋိပက္ခ၊ စီးပွားရေးကျဆင်းမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်မလုံလောက်မှု စသည့်များကြားတွင် မိမိတို့သည် ကြံ့ကြံ့ခံနိုင်စွမ်းရှိရန် မဖြစ်မနေလိုအပ်ကြောင်း၊ ယနေ့ မိမိတို့ တွေ့ဆုံဆွေးနွေးမှုသည် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု၏ တိုးတက်မှုကို ပြန်လည် လေ့လာဆန်းစစ်ခွင့်ရရှိသည့်အပြင် “ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့” ခေါင်းစဉ်အောက်တွင် စီအယ်လ်အမ်ဗွီ မူဘောင်ကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် ဆွေးနွေးခွင့်ရရှိခြင်းလည်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ်တို့က “ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့”ခေါင်းစဉ်ဖြင့် စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ် ဦးတည်ချက်အပေါ် အမြင်ချင်းဖလှယ်ခြင်းနှင့်ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ဆွေးနွေးကြသည်။ **စာမျက်နှာ ၆ သို့** ❋

❒ **လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးရှုပ်ထွေးမှု၊ နိုင်ငံတကာပဋိပက္ခ၊ စီးပွားရေးကျဆင်းမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်မလုံလောက်မှု စသည့်များကြားတွင် မိမိတို့သည် ကြံ့ကြံ့ခံနိုင်စွမ်းရှိရန် မဖြစ်မနေလိုအပ်**

❒ **မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိ**

✻ စာမျက်နှာ ၅ မှ

ထို့နောက် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့" ခေါင်းစဉ်ဖြင့် စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်ဦးတည်ချက်အပေါ် အမြင်ချင်းဖလှယ်ခြင်းနှင့် ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ဆွေးနွေးရာ၌ ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံ ပုဂံမြို့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အက်မက်စ် ထိပ်သီးအစည်းအဝေးတွင် စတင်သန္ဓေတည်ခဲ့သည့် စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှုယန္တရားကို မိမိတို့အနေဖြင့် ပြန်လည်အမှတ်ရမိကြောင်း၊ ယင်းအချိန်မှစ၍ အဖွဲ့ဝင်နိုင်ငံများသည် ဒေသတွင်းငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ပေါင်းစည်းထားသည့် အသိုက်အဝန်းတစ်ခုဖန်တီးရန်အတွက် အားသွန်ခွန်စိုက် အတူတကွ ကြိုးစားခဲ့ကြကြောင်း။

**"စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်"နှင့် "စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်အကောင်အထည်ဖော်ရေးအစီအစဉ်" များကို အတည်ပြုထုတ်ပြန်ခဲ့**

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ စက်မှုနှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများ၏ အခြေခံအဆောက်အအုံနှင့် နည်းပညာချိတ်ဆက်ဆက်နွယ်မှုများ ဆက်လက်တိုးတက်စေခြင်းသည် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါဆုံးကိစ္စရပ်ဖြစ်ကြောင်း၊ စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုအောက်မှ ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုအတွက် မိမိတို့သည် "စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှုမူဘောင်"နှင့် "စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်မှုမူဘောင် အကောင်အထည်ဖော်ရေးအစီအစဉ်" များကို အတည်ပြုထုတ်ပြန်ခဲ့ကြောင်း။

ကပ်ရောဂါဆိုးကြောင့် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ စက်မှုကဏ္ဍသည် သိသာထင်ရှားစွာထိခိုက်ခဲ့ရကြောင်း၊ အဆိုပါကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် စီးပွားရေးစင်္ကြံများ၊ စီးပွားရေးစင်္ကြံများအကြား ချိတ်ဆက်မှုများနှင့် အထူးစီးပွားရေးဇုန်များမှတစ်ဆင့် စက်မှုနည်းပညာဆိုင်ရာအခြေခံအဆောက်အအုံများနှင့် စက်မှုအဆောက်အအုံများကို တည်ဆောက်၊ အဆင့်မြှင့်တင်ပေးရန် လိုအပ်ကြောင်း။

ဘေးအန္တရာယ်များနှင့် ပတ်သက်၍ စီအယ်လ်အမ်ဗွီနိုင်ငံများသည် ဒေသတွင်းနိုင်ငံများအတွင်း ထိခိုက်လွယ်ပြီး ထိခိုက်ခံရမှုအများဆုံးပင်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို လျော့ပါးသက်သာအောင် ဆောင်ရွက်ခြင်းသည် မိမိတို့ဒေသအတွက် အရေးကြီးသည့် စိန်ခေါ်မှုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သဘာဝနှင့် လူလုပ်ဘေးအန္တရာယ်များ၏ စိန်ခေါ်မှုကို စုပေါင်းအားဖြင့် ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သကဲ့သို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုယန္တရားနှင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေး၊ ဒေသတွင်း ထိခိုက်မှုလျှော့ချရေးနှင့် ကြိုတင်အသိပေးခြင်းဆိုင်ရာ ထိရောက်သောအစီအစဉ်များနှင့် စီမံခန့်ခွဲမှုများကို အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် MSMEs ကဏ္ဍများကို အားပေးထောက်ပံ့သင့်**

စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလာရေးလုပ်ငန်းသည် ပြည်သူချင်း ထိတွေ့ဆက်ဆံမှုအတွက် အလွန်ပင်အရေးပါကြောင်း၊ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများတွင် ရေမြေတောတောင်သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်းသည် ဒေသခံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အပံ့ဖြစ်စေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအလေ့အထများကို ထိန်းသိမ်းနိုင်သည့် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများနှင့် MSMEs ကဏ္ဍများကို အားပေးထောက်ပံ့သင့်ကြောင်း။

စီအယ်လ်အမ်ဗွီ နိုင်ငံများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ဆောင်ရွက်ခြင်းသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စီအယ်လ်အမ်ဗွီမူဘောင်အောက်မှ နယ်ပယ်အသီးသီးတွင် ရှိသည့် ပညာသင်ဆုပေးအပ်ခြင်းနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားသင့်ကြောင်း။

**❐ ကပ်ရောဂါဆိုးကြောင့် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ စက်မှုကဏ္ဍသည် သိသာထင်ရှားစွာ ထိခိုက်ခဲ့ရကြောင်း၊ အဆိုပါကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် စီးပွားရေးစင်္ကြံများ၊ စီးပွားရေးစင်္ကြံများအကြား ချိတ်ဆက်မှုများနှင့် အထူးစီးပွားရေးဇုန်များမှတစ်ဆင့် စက်မှုနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် စက်မှုအဆောက်အအုံများကို တည်ဆောက်၊ အဆင့်မြှင့်တင်ပေးရန် လိုအပ်**

**❐ စီအယ်လ်အမ်ဗွီနိုင်ငံများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များဆောင်ရွက်ခြင်းသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စီအယ်လ်အမ်ဗွီ မူဘောင်အောက်မှ နယ်ပယ်အသီးသီးတွင်ရှိသည့် ပညာသင်ဆုပေးအပ်ခြင်းနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားသင့်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Pham Minh Chich တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E.Dr. KAO KIM HOURN တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ရန်ပုံငွေရရှိခြင်းသည် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု ယန္တရားအပါအဝင် ပူးပေါင်းဆောင်ရွက်မှု ယန္တရားတိုင်း၏ အောင်မြင်တိုးတက်မှုအတွက် အရေးပါသည်ဟု သုံးသပ်မိကြောင်း၊ မိမိအနေဖြင့် IAI လုပ်ငန်းအစီအစဉ်များမှတစ်ဆင့် အကူအညီ အထောက်အပံ့ရအောင် ဆောင်ရွက်ပေးသည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို ကျေးဇူးတင်ရှိကြောင်း၊ ထို့ပြင် စီအယ်လ်အမ်ဗွီစီမံကိန်းများအတွက် အထောက်အပံ့ပေးသည့် ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်နိုင်ငံများ၏ အကူအညီနှင့် အထောက်အပံ့များကိုလည်း အလေးထားကြောင်း။

မြန်မာနိုင်ငံသည် စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရင်း မိမိတို့၏ဘုံရည်မှန်းချက်ဖြစ်သည့် ရေရှည်တည်တံ့သော အလုံးစုံလွှမ်းခြုံသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်သည်ကို ထပ်လောင်းအတည်ပြုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များက စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး၏ ထုတ်ပြန်ချက်များကို ဆွေးနွေးကြပြီး အတည်ပြုထုတ်ပြန်သည်။

**မိမိတို့ဒေသတွင်းရှိ ပြည်သူများ၏ သာယာဝပြောမှုနှင့် ကြီးပွားတိုးတက်မှုကို ပိုမိုအထောက်အကူပြုမည်ဟု ယုံကြည်**

ထို့နောက် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အစည်းအဝေး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံက ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေချိန်ကာလအတွင်းတွင် အဆွေတော်တို့၏ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှု၊ နားလည်ပေးမှုနှင့် အဖိုးမဖြတ်နိုင်သည့် အားပေးထောက်ခံမှုများအတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့သည် စည်းလုံးညီညွတ်မှု၊ ခံနိုင်ရည်ရှိမှုများနှင့် ယခုနှစ်များအတွင်း ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်တွင် သက်ဆိုင်ရာ လုပ်ငန်းစီမံချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့ဒေသတွင်းရှိ ပြည်သူများ၏ သာယာဝပြောမှုနှင့် ကြီးပွားတိုးတက်မှုကို ပိုမိုအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ မိမိတို့သည် ပိုမိုခိုင်မာသည့် ကတိကဝတ်များနှင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုယန္တရား၏ အရှိန်အဟုန်ကို ဆက်လက်အရှိန်မြှင့်တင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်ထံ အလှည့်ကျဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ပြီး ဗီယက်နမ်ဝန်ကြီးချုပ်က အလှည့်ကျဥက္ကဋ္ဌတာဝန် လွှဲပြောင်းလက်ခံရခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၇**

အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion Summit)ကို ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကူမင်းမြို့ ဟိုင်ဂန်ကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်တက်ရောက်သည်။

**တက်ရောက်**

အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Pham Minh Chich၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr. Masatsugu Asakawa နှင့် မဟာမဲခေါင်ဒေသခွဲ နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို အပိုင်းနှစ်ပိုင်းဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး "နိုင်ငံ့ခေါင်းဆောင်များ သီးသန့်အစည်းအဝေး"နှင့် "မျက်နှာစုံညီ အစည်းအဝေး" ဟူ၍ အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပပြုလုပ်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးတွင် တက်ရောက် အမှာစကားပြောကြားစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အစည်းအဝေးများသို့ တက်ရောက်ရန် ရောက်ရှိလာရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ပထမအပိုင်းဖြစ်သည့် နိုင်ငံ့ခေါင်းဆောင်များ သီးသန့်အစည်းအဝေးကို ကျင်းပပြုလုပ်ရာ သဘာပတိဖြစ်သူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များက **"ဆန်းသစ်တီထွင်မှုဖော်ဆောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေး"** ခေါင်းစဉ်ဖြင့် ဒေသတွင်း ပေါင်းစည်း ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် ပြင်ဆင်ထားရမည့် ကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေးကြသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က အဖွင့်အမှာစကားပြောကြားစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ယနေ့ နိုင်ငံ့ခေါင်းဆောင်များ သီးသန့် အစည်းအဝေးတွင် ဆန်းသစ်တီထွင်မှုဖြင့် အောင်မြင်သည့် ဒေသခွဲတစ်ခု ပေါ်ပေါက်လာစေရန် ဦးတည်ဆွေးနွေးလိုကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာနှင့် သုတေသနတီထွင်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူပြုသည်ကို အားလုံးသိပြီးဖြစ်ကြောင်း၊ လျင်မြန်စွာပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးတွင် ဆန်းသစ်တီထွင်မှုကို အားပေးသည့် နိုင်ငံများ၊ ဒေသများအနေဖြင့် စီးပွားရေးတိုးတက်မှုကို မြှင့်တင်နိုင်ပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်လာနိုင်ခြင်းစသည့် လူမှုဘဝအရည်အသွေးများကို မြှင့်တင်ပေးနိုင်သည်ကို တွေ့ရကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မှုနှင့်ပတ်သက်၍ ပြောကြားရာ၌ "တစ်ချိန်တည်းမှာပဲ တီထွင်ဆန်းသစ်မှုများဟာ မိမိနိုင်ငံရဲ့ ရေမြေသဘာဝ၊ ပထဝီအနေအထားတွေနဲ့ ကိုက်ညီဖို့လိုတဲ့အပြင် အစိုးရ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကနဲ့ ဒေသန္တရအစိုးရများအပြင် အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ စွန့်ဦးတီထွင်သူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်များကပါ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အခြား တစ်ဖက်တွင်လည်း အရင်းအမြစ်များ ရရှိနိုင်မှုသည် အလွန်ပင် အရေးကြီးကြောင်း၊ ဆန်းသစ်တီထွင်မှုအတွက် သုတေသနနှင့် ဖွံ့ဖြိုးမှု(R&D)သည် မရှိမဖြစ်လိုအပ်သည့် အရင်းအမြစ်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်မှုရန်ပုံငွေအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပံ့ပိုးမှု စသည့် နယ်ပယ်ပေါင်းစုံက အရင်းအမြစ်များနှင့် ပေါင်းစည်းပြီး ဆောင်ရွက်မှသာ ပြည့်စုံမည် ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံအတွက် ဆန်းသစ်တီထွင်မှုကို ဖော်ဆောင်ရာတွင် အုပ်ချုပ်မှုယန္တရားအဖြစ် လုပ်ငန်းအဖွဲ့၊ ဖိုရမ် စသည်ဖြင့် ဆောင်ရွက်မည့် အစီအမံများ စနစ်တကျရှိရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို ဖွဲ့စည်းထားပြီး ဆန်းသစ်တီထွင်မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံများနှင့် ဖွဲ့စည်းထားသည့် ဂျီအမ်အက်စ်အနေဖြင့် စိုက်ပျိုးစီးပွား ပိုမိုတိုးတက်ထွန်းကားလာရန်နှင့် စားနပ်ရိက္ခာဖူလုံရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် အရှိန်မြှင့်တင်ရမည်ပင်ဖြစ်ကြောင်း၊ ဂျီအမ်အက်စ် အစီအစဉ်၏ ကဏ္ဍအားလုံးကို ဆန်းသစ်တီထွင်မှုမဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ မဟာဗျူဟာအရ အထူးသဖြင့် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဆိုသည့် လုပ်ငန်းစဉ်ကလည်းဒေသတွင်း လိုအပ်ချက်အရ များစွာသင့်တော်ကြောင်း။

ယင်းဦးစားပေး ကဏ္ဍများအပြင် ကျန်ရှိနေသည့် စွမ်းအင်၊ ကျန်းမာရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍတို့တွင် ဆက်လက်ဆောင်ရွက်သွားရန် ပြင်ဆင် ထားကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကျန်းမာရေးကဏ္ဍတွင် နည်းပညာအသစ်များဖြင့် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ချိတ်ဆက်မှု၊ ဆေးပညာဆိုင်ရာ တက္ကသိုလ်အဆင့်ချိတ်ဆက်မှုများမှတစ်ဆင့် ကုသမှုနည်းပညာများ ပေါင်းစည်းဆောင်ရွက်ခြင်း၊ အဆင့်မြင့် ကုသနည်း ဖော်ထုတ်ခြင်းများကို ဆောင်ရွက်ကြရန်နှင့် နည်းပညာလွှဲပြောင်းမှုစင်တာ များနှင့် အသိပညာ ဖြန့်ဝေရေးစင်တာများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

**စာမျက်နှာ ၈ သို့** ■

- ❖ **စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံများနှင့် ဖွဲ့စည်းထားသည့် ဂျီအမ်အက်စ်အနေဖြင့် စိုက်ပျိုးစီးပွား ပိုမိုတိုးတက်ထွန်းကားလာရန်နှင့် စားနပ်ရိက္ခာဖူလုံရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် အရှိန်မြှင့်တင်ရမည်ပင်ဖြစ်**
- ❖ **ဂျီအမ်အက်စ်အစီအစဉ်၏ ကဏ္ဍအားလုံးကို ဆန်းသစ်တီထွင်မှုမဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်ရန်အရေးကြီး**
- ❖ **မဟာဗျူဟာအရ အထူးသဖြင့် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဆိုသည့် လုပ်ငန်းစဉ်ကလည်း ဒေသတွင်းလိုအပ်ချက်အရ များစွာသင့်တော်**

■ စာမျက်နှာ ၇ မှ

နိုင်ငံအသီးသီးတွင် မူပိုင်ခွင့်ဥပဒေများ၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများက ပြဋ္ဌာန်းထားပြီးဖြစ်ကြသည့် အတွက် နိုင်ငံအချင်းချင်းဖြစ်စေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ တစ်ဆင့်ဖြစ်စေ ဆန်းသစ်တီထွင်မှုကဏ္ဍတွင် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းဖြင့် ဂျီအမ်အက်စ် ဒေသခွဲအတွင်း အဖွဲ့ဝင်နိုင်ငံအားလုံး အတွက် တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟုယုံကြည်ကြောင်းဖြင့် အကြံပြုဆွေးနွေးခဲ့သည်။

ထို့နောက် သဘာပတိက ဆွေးနွေးမှုများအပေါ် အကျဉ်းချုပ်တင်ပြပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးပထမပိုင်းကို ရုပ်သိမ်းခဲ့သည်။

**စုစုပေါင်း ၂၀၀ ခန့် ပါဝင်တက်ရောက်**

ထို့နောက် အစည်းအဝေး အစီအစဉ် ဒုတိယအပိုင်းအဖြစ် **"ဆန်းသစ်တီထွင်မှု ဖော်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့"** ခေါင်းစဉ်ဖြင့် နိုင်ငံ့ခေါင်းဆောင်များ မျက်နှာစုံညီ အစည်းအဝေးကို ဆက်လက်ကျင်းပရာအဖွဲ့ဝင်နိုင်ငံခြောက်နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်ကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်နိုင်ငံများမှ ဒေသန္တရအစိုးရ ကိုယ်စားလှယ်များ စုစုပေါင်း ၂၀၀ ခန့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေး၌ အိမ်ရှင်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က အဖွင့်အမှာစကားပြောကြားပြီးနောက် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဥက္ကဋ္ဌတို့က အသီးသီး အမှာစကားပြောကြားကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် မိမိတို့ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများတွင် လူပေါင်းများစွာ ရေဘေးသင့်ဒဏ်၊ မြေပြိုမှုဒဏ်များကို ခံစားခဲ့ကြရကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံအစိုးရအချင်းချင်း၊ အာဆီယံနှင့် နိုင်ငံတကာအသိုက်အဝန်းများ၊ ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကို ဆိုးရွားစွာခံစားခဲ့ရသည့် ဂျီအမ်အက်စ်ဒေသခွဲရှိ ပြည်သူများအားလုံး ပုံမှန်အခြေအနေသို့ အမြန်ဆုံး ရောက်ရှိကြပါစေကြောင်း။

၁၉၉၂ ခုနှစ်ကတည်းကစပြီး ဆယ်စုနှစ် သုံးခုကျော်ကာလ လျှောက်လှမ်းလာခဲ့သည့် ဂျီအမ်အက်စ်အစီအစဉ်သည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ သဘောတရားစာတမ်း (Concept Paper) အတည်ပြုမှုနှင့် ပတ်သက်၍ ပြောကြားရာ၌ "နိုင်ငံတကာမှာ ဆန်းသစ်တီထွင်မှုနဲ့ပတ်သက်ပြီး အလေးထား ဆောင်ရွက်နေကြတာဖြစ်တဲ့အတွက် **"ဆန်းသစ်တီထွင်မှု ဖော်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့"** ဆိုတဲ့ ဒီထိပ်သီးအစည်းအဝေးရဲ့ခေါင်းစဉ်နဲ့ ဒီကနေ့ အတည်ပြုမယ့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာ (Innovation Strategy) တို့ဟာ ဂျီအမ်အက်စ် ဒေသခွဲအတွက် အချိန်အခါသင့်ဖြစ်ပါတယ်။ ဒေသခွဲအတွင်း ကုန်ထုတ်စွမ်းအား မြှင့်တင်မှု၊ နည်းပညာတိုးတက်မှု၊ စက်မှုလုပ်ငန်းသစ်များနဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုတို့အတွက် နည်းပညာနဲ့ ဆန်းသစ်တီထွင်မှုဟာ အဓိကမောင်းနှင်အားပဲ ဖြစ်ပါတယ်။

အားလုံးသိပြီးဖြစ်တဲ့ အတိုင်း ဂျီအမ်အက်စ်ရဲ့ **ဆန်းသစ်တီထွင်မှုမဟာဗျူဟာ ၂၀၃၀** ဟာ ဂျီအမ်အက်စ် မဟာဗျူဟာ မူဘောင် ၂၀၃၀ အကောင်အထည်ဖော်ရာမှာ ပူးပေါင်းဆောင်ရွက်မှုတွေ အရှိန်မြှင့်တင်နိုင်ဖို့ ရည်ရွယ်ချက်နဲ့ ရေးဆွဲထားတာဖြစ်ပြီး မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ သဘောတရားစာတမ်း (Concept Paper) ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၂၆) ကြိမ်မြောက် ဂျီအမ်အက်စ် ဝန်ကြီးများ အစည်းအဝေးမှာ အတည်ပြုခဲ့ကြပြီးဖြစ်ပါတယ်။

ယနေ့ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံများအတွက် စိန်ခေါ်မှုအဖြစ် ရင်ဆိုင်နေကြရသည့် ရာသီဥတုပြောင်းလဲမှု၊ စားရေရိက္ခာဖူလုံမှု၊ သဘာဝဘေးအန္တရာယ်၊ ငွေကြေးဖောင်းပွမှု၊ ကမ္ဘာ့ကျန်းမာရေး အကျပ်အတည်း၊ စွမ်းအင်ဈေးနှုန်းမြင့်တက်လာမှု၊ ရွှေ့ပြောင်းလုပ်သားနှင့် စီးပွားရေးမညီမျှမှုစသည့် စိန်ခေါ်မှုများသည် အပြန်အလှန်ဆက်နွှယ်နေကြခြင်းဖြစ်ကြောင်း။

ယင်းစိန်ခေါ်မှုများကို တစ်နိုင်ငံတည်း၊ အဖွဲ့အစည်းတစ်ခုတည်း အနေဖြင့် ဖြေရှင်း၍မရသည့်အတွက် ညှိနှိုင်းပေါင်းစပ်မှုနှင့် ဘက်စုံချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းများ လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရင်းအမြစ်များကို ပေါင်းစည်းအသုံးပြုခြင်း၊ အသိပညာမျှဝေခြင်းနှင့် မူဝါဒများကို လိုအပ်သလို ချိန်ညှိဆောင်ရွက်ခြင်းဖြင့် ဂျီအမ်အက်စ်ဒေသ၏ ခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့မှုကို မြှင့်တင်ပေးနိုင်မည် ဖြစ်ကြောင်း၊ ရေမြေအနေအထား၊ သဘာဝအခြေခံ တူညီနေသည့် ဂျီအမ်အက်စ် နိုင်ငံများအနေဖြင့် ဂေဟစနစ်များ၊ ရေလမ်းကြောင်းနှင့် ရာသီဥတုများကို မျှဝေလေ့ရှိခြင်းကြောင့် ယင်းစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ဂျီအမ်အက်စ် အစီအစဉ်၏ 3C ဟုခေါ်သည့် ချိတ်ဆက်မှု (Connectivity)၊ ယှဉ်ပြိုင်မှု (Competitiveness)နှင့် လူမှုအသိုက်အဝန်း (Community) စသည့် မဏ္ဍိုင်သုံးရပ်အောက်တွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

**အရည်အသွေးပြည့်ဝအောင် ဆောင်ရွက်ရမည်**

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုတည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု (Public Health Care) သည် လွန်စွာအရေးကြီးကြောင်း၊ နောင်အနာဂတ်ကာလတွင် တိုးတက်လာမည့်လူဦးရေနှင့် ပြောင်းလဲလာမည့်လူမှုစီးပွား၊ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကို ကြိုတင်တွက်ဆပြီး ရှိရင်းစွဲအရင်းအမြစ်များကို အကောင်းဆုံး အသုံးချခြင်းဖြင့် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အရည်အသွေးပြည့်ဝအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့် ဆောင်ရွက်မှုများကို ဂျီအမ်အက်စ်၏ ကျန်းမာရေး မဟာဗျူဟာနှင့် ချိတ်ဆက်ပြီး ဒေသန္တရအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဟု ပြောကြားလိုကြောင်း။

ဒေသ၏ စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့် စားနပ်ရိက္ခာဖူလုံရေး (Food Security) နှင့် ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုကြောင်း၊ ကမ္ဘာ့လူဦးရေသည် ယခု ၈ ဒသမ ၃ ဘီလီယံရှိပြီး ၂၀၃၀ တွင် ၈ ဒသမ ၆ ဘီလီယံ၊ ၂၀၃၅ တွင် ၈ ဒသမ ၉ ဘီလီယံရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ရိက္ခာဖူလုံမှုပြဿနာသည် ပိုမိုကြီးမားလာဖွယ်ပင်ရှိကြောင်း၊ စားနပ်ရိက္ခာ ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဖြန့်ဖြူးမှုတို့သည် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်းမှာသာ ဆောင်ရွက်နေရခြင်းမဟုတ်သည့်အတွက် စားနပ်ရိက္ခာဖူလုံမှုကို စဉ်းစားပါက ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည်အရေးကြီးကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ဆန်းသစ်တီထွင်မှုဆိုင်ရာဗဟုသုတများ မျှဝေခြင်း၊ ဒေသတွင်း စားနပ်ရိက္ခာဈေးကွက် ဖော်ဆောင်ခြင်း၊ နည်းပညာလွှဲပြောင်းမှုအပါအဝင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ခေတ်မီနည်းစနစ်များ အသုံးပြုပြီး ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံစေရန်အတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံများထဲတွင် အဆင့်(၈)ဖြစ်ပြီး ပဲတင်ပို့မှုတွင် အဆင့် (၂)ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်း စားနပ်ရိက္ခာ ဖူလုံမှုသာမက ပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းလျက်ရှိပါကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ဆက်လက်၍ ဂျီအမ်အက်စ်၏ သင်္ကေတတစ်ခုဖြစ်သည့် စီးပွားရေးစင်္ကြံများ၏ အရေးပါမှုကို အလေးထားပြောကြားလိုကြောင်း၊ စီးပွားရေးစင်္ကြံများ ဖွံ့ဖြိုးမှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုကို အရှိန်မြှင့်တင်ရန်၊ ဒေသတွင်းပေါင်းစည်းမှုကို မြှင့်တင်ရန်နှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် လွန်စွာအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေခြင်းဖြစ်ကြောင်း၊ ထုတ်လုပ်သူများနှင့် ဈေးကွက်များအကြား ချိတ်ဆက်မှုကို တိုးမြှင့်ခြင်းဖြင့် စီးပွားရေးစင်္ကြံတစ်လျှောက် ကုန်သွယ်မှု တိုးတက်စေသည့်အပြင် နိုင်ငံဖြတ်ကျော် ကုန်သွယ်မှုတွင် ဈေးကွက်အသစ်များ ပေါ်ထွန်းလာစေနိုင်ကြောင်း၊ ယင်းစီးပွားရေးစင်္ကြံများကို အသုံးပြုပြီး အဖွဲ့ဝင်နိုင်ငံများအားလုံး ပါဝင်သော ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် အလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

လက်ရှိ မြန်မာနိုင်ငံ၏ ဦးတည်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး အကျဉ်းမျှ အသိပေးပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်အပေါ်တွင်အခြေခံပြီး နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးမူဝါဒကို ကျင့်သုံးနေခြင်းဖြစ်ကြောင်း။ မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွားများကို အလေးထားပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဦးတည်ချက် (၉)ရပ် ချမှတ်ကာ ကဏ္ဍအလိုက်အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

လျင်မြန်စွာ ပြောင်းလဲနေသည့် အခြေအနေများကြားမှ လက်ရှိနိုင်ငံအချင်းချင်းနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များအပါအဝင် အခြားသော နိုင်ငံတကာ ကတိကဝတ်များကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် တန်းတူညီမျှမှုနှင့် အားလုံးပါဝင်မှုသည် အဓိကကျသည့် အခြေခံမှုပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ဂျီအမ်အက်စ်ဒေသတွင်း လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးနိုင်မည့် ကဏ္ဍအလိုက် စီမံချက်များကို အကောင်အထည် ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းမှု၊ ဂျီအမ်အက်စ် အတွင်းရေးမှူးရုံး၏ ပံ့ပိုးကူညီမှုများသာမက ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဒေသန္တရအစိုးရများအပါအဝင် အခြားသက်ဆိုင်သူများအားလုံး အတူတကွ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

စာမျက်နှာ ၉ သို့ ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က ကြိုဆိုနှုတ်ဆက်စဉ်။

- **ကမ္ဘာ့လူဦးရေသည် ယခု ၈ ဒသမ ၃ ဘီလီယံရှိပြီး ၂၀၃၀ တွင် ၈ ဒသမ ၆ ဘီလီယံ၊ ၂၀၃၅ တွင် ၈ ဒသမ ၉ ဘီလီယံရှိမည်ဟု ခန့်မှန်းထား**
- **ရိက္ခာဖူလုံမှုပြဿနာသည် ပိုမိုကြီးမားလာဖွယ်ပင်ရှိ**
- **စားနပ်ရိက္ခာထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဖြန့်ဖြူးမှုတို့သည် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်းမှာသာ ဆောင်ရွက်နေရခြင်းမဟုတ်သည့်အတွက် စားနပ်ရိက္ခာဖူလုံမှုကို စဉ်းစားပါက ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီး**
- **စိုက်ပျိုးရေးကဏ္ဍတွင် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဗဟုသုတများ မျှဝေခြင်း၊ ဒေသတွင်း စားနပ်ရိက္ခာဈေးကွက် ဖော်ဆောင်ခြင်း၊ နည်းပညာလွှဲပြောင်းမှုအပါအဝင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလို**

■ စာမျက်နှာ ၈ မှ

ယခုထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များ၏ အကြံပြုချက်များသည် အနာဂတ်တွင် ပိုမိုကြံ့ခိုင်၍ ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့မှုရှိသည့် ဂျီအမ်အက်စ် အသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးက သတ္တမအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးနောက်ပိုင်း ရရှိခဲ့သည့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို နိုင်ငံ့ခေါင်းဆောင်များထံ အစီရင်ခံတင်ပြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံ ပြည်နယ်/တိုင်းအဆင့်ခေါင်းဆောင်များဖိုရမ် အစီရင်ခံစာကို ယူနန်အစိုးရအဖွဲ့မှ တာဝန်ရှိသူကလည်းကောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ အစည်းအဝေးရလဒ်ကို ဂျီအမ်အက်စ်အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူကလည်းကောင်း တင်ပြကြပြီး ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်နှင့် ဂျီအမ်အက်စ်ဆန်းသစ်တီထွင်မှု မဟာဗျူဟာ ၂၀၃၀ ကို အတည်ပြုချမှတ်ပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အဆိုပါ အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ အရပ်ဘက်မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Greater Mekong Subregion – GMS Economic Cooperation Program) ကို ၁၉၉၂ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်ပြီး ဆယ်စုနှစ်သုံးခုကျော် အောင်မြင်စွာရပ်တည်လျက်ရှိသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြစ်ကြောင်း၊ ဂျီအမ်အက်စ် အစီအစဉ်အရ ထိပ်သီးအစည်းအဝေးများကို မဟာမဲခေါင်ဒေသခွဲအစီအစဉ်၏ (၁၀)နှစ်ပြည့်မြောက်သည့် ၂၀၀၂ ခုနှစ်မှစတင်၍ သုံးနှစ်လျှင် တစ်ကြိမ် မဟာမဲခေါင်ဒေသခွဲခြောက်နိုင်ငံမှ အက္ခရာစဉ်အလိုက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၌ လက်ခံကျင်းပခဲ့ကြောင်း၊ ထိပ်သီးအစည်းအဝေးများတွင် အနာဂတ်ကာလ ဒေသခွဲဖွံ့ဖြိုးရေးနှင့် စပ်လျဉ်းသည့် မျှော်မှန်းချက်များ ပြည့်မီအောင်မြင်စေရေးဆိုင်ရာ ကတိကဝတ်များပြုကြပြီး နိုင်ငံ့ခေါင်းဆောင်များ၏ အရေးပါသော ပူးတွဲကြေညာချက်ကို ထုတ်ပြန်လေ့ရှိရာ ယနေ့ကျင်းပသည့် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးတွင် ဆန်းသစ်တီထွင်မှု မူဘောင်နှင့် ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက် စာတမ်းတို့ကို အတည်ပြု ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လေဆိပ်များနှင့် ကော့သောင်းဆိပ်ကမ်း ကြည့်ရှုစစ်ဆေး





**ရန်ကုန် နိုဝင်ဘာ ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လေဆိပ်များနှင့် ကော့သောင်း ဆိပ်ကမ်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထားဝယ်လေဆိပ်၊ မြိတ်လေဆိပ်၊ ဘုတ်ပြင်းလေဆိပ်နှင့် ကော့သောင်း လေဆိပ်တို့သို့ ရောက်ရှိပြီး လေဆိပ်အလိုက် လေယာဉ်ခရီးစဉ်များ ပျံသန်းပြေးဆွဲနေမှု၊ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် မြိတ်လေဆိပ်၊ ကော့သောင်းလေဆိပ်များတွင် ကုန်စည်လေယာဉ်ခရီးစဉ်များ ဆင်းသက်နိုင်ရန် လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာများ တိုးချဲ့တည်ဆောက်နိုင်မည့် အခြေအနေများကို လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မကြာမီ ခရီးသွားလာမှု များပြားသည့် ပွင့်လင်းရာသီသို့ ရောက်ရှိတော့မည်ဖြစ်၍ လေကြောင်းဖြင့် ခရီးသွားလာမှုများ တိုးတက်များပြားလာမည်ဖြစ်သည့်အတွက် လေဆိပ်အလိုက် လေယာဉ်များ အန္တရာယ်ကင်းရှင်းမှု ရှိစေရေး၊ လေယာဉ် ပြေးလမ်းများနှင့် လေယာဉ်ဆင်းသက်မှု အထောက်အကူပြု ပြေးလမ်းမီးများ၊ လေကြောင်းလမ်းညွှန် ကိရိယာများ၊ ပြေးလမ်း အမှတ်အသားများ ကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ထားရန်၊ လေဆိပ်အဆောက်အအုံများကို သန့်ရှင်းသပ်ရပ်မှုရှိပြီး ခရီးသွားပြည်သူများ အဆင်ပြေစွာ ဝင်/ထွက် သွားလာနိုင်ရေး အဆင့်အတန်းမီ ဝန်ဆောင်မှုပေးနိုင်သည့် လေဆိပ်များဖြစ်စေရေး တာဝန်ရှိသူအဆင့်ဆင့်က အလေးထားကြပ်မတ် ဆောင်ရွက်ရန်၊ လေဆိပ်များ လုံခြုံရေးအတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လုံခြုံရေး ကျိုးပေါက်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေး လုံခြုံရေးအသိ၊ သတိရှိရှိဖြင့်ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အတူ လိုက်ပါလာသည့် တာဝန်ရှိသူများသည် ကော့သောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မဏ္ဍပ်ခန်းမတွင် ကော့သောင်းမြို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကော့သောင်း ဆိပ်ကမ်းသို့ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်၌ မြို့မဆိပ်ခံတံတား၊ ဘုရင့်နောင်ဆိပ်ခံတံတား၊ တော်ဝင်ကွန်ကရစ်ဆိပ်ခံတံတားနှင့် ဘုတ်ပြင်းမြို့နယ်ရှိ ကျောက်ထနောင်း ကွန်ကရစ်ဆိပ်ခံတံတားများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ ဝင်ငွေရှာဖွေပေးနေမှု အခြေအနေ၊ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေး နည်းလမ်းဖြင့် ရန်ကုန်-ကော့သောင်း-ရနောင်းနှင့် ရနောင်း-ကော့သောင်း-ရန်ကုန် ခရီးစဉ်ဖြင့် ကမ်းရိုးတန်းသွား သင်္ဘောငယ်များ အသုံးပြု၍ ကုန်သေတ္တာစနစ်ဖြင့် ကုန်စည်များတင်ပို့နေမှုများကို အသေးစိတ်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တော်ဝင်ဆိပ်ခံတံတားတွင် ဆိုက်ကပ်ထားသော MCL 4 ရေယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးပြီး တရားမဝင်ကုန်စည်ပါဝင်မှု မရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းလပ်မြို့ရှိ မြန်မာ-လာအို ချစ်ကြည်ရေးတံတား နယ်စပ်စစ်ဆေးရေးဂိတ်ကို ကြည့်ရှုစစ်ဆေး




**နေပြည်တော် နိုဝင်ဘာ ၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် စိုးလှိုင်တို့နှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ သီလဓမ္မကုန်းသာ တောရကျောင်း ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ(ဝစီပိတ်ဆရာတော်)အားဖူးမြော်၍ သာသနာရေးဆိုင်ရာများလျှောက်ထားကြပြီး ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒုတိယပြည်နယ်ဦးစီးမှူးရုံးနှင့် ခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပြည်သူကို ထိရောက်သောဝန်ဆောင်မှု ပေးနိုင်ရေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုင်းတုံခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံအခြေအနေ၊ သန့်ရှင်းသပ်ရပ်ရေးဆောင်ရွက်ထားရှိမှု၊ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဒေသခံပြည်သူများအား e-ID စနစ်အတွက် Unique ID နံပါတ်ထုတ်ပေးနေမှု၊ ကိုယ်ရေးဖိုင်များစနစ်တကျ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျိုင်းလပ်မြို့ရှိ မြန်မာ-လာအိုချစ်ကြည်ရေးတံတားနယ်စပ်စစ်ဆေးရေးဂိတ်သို့ သွားရောက်၍ နှစ်နိုင်ငံပြည်သူများ ဝင်/ထွက်သွားလာနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ စစ်ဆေးနိုင်ရေးဆောင်ရွက်ထားရှိမှု၊ နယ်စပ်စစ်ဆေးရေးဂိတ်တွင် နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ စစ်ဆေးဆောင်ရွက်သည့် ဆက်စပ်ဌာနများ၏ ရုံးခန်းများနှင့် စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်စစ်ဆေးရေးဂိတ် အစည်းအဝေးခန်းမ၌ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသည့် တာဝန်ရှိသူများအားတွေ့ဆုံ၍ မြန်မာ-လာအိုနှစ်နိုင်ငံနယ်စပ် ကျိုင်းလပ်စစ်ဆေးရေးဂိတ်သည် မကြာမီနယ်စပ်ကုန်သွယ်ရေးအပါအဝင် နှစ်နိုင်ငံနိုင်ငံသားများ ကူးသန်းသွားလာမှုများပြားလာမည်ဖြစ်သည့်အတွက် လိုအပ်ချက်များ ပြင်ဆင်ဆောင်ရွက်ရေးပြောကြားပြီး ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်းကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၇

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၇/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းဖြင့်တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ရေးဆွဲခြင်းကို နည်းဥပဒေ စတင်ရေးဆွဲချိန်မှ ယခုအဌမမူကြမ်း ရရှိသည်အထိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ အကြံပြုချက်များအပေါ် ပုဒ်မတစ်ခုချင်းအလိုက် အပြန်ပြန်အလှန်လှန် စိစစ်သုံးသပ်ရေးဆွဲခဲ့ပြီး ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများ (မူကြမ်း)ကို အထက်အဆင့်ဆင့်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြပြီးပါက ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ အနေဖြင့် လူမှုဆက်ဆံမှု ကောင်းမွန်ရေး၊ ငွေကြေးဆိုင်ရာ မသမာမှုများ မရှိစေရေးနှင့် သတ်မှတ်ချက်စည်းကမ်းများနှင့်အညီ ဆောင်ရွက်စေရေး တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ရန်လိုပါကြောင်း၊ မိမိတို့မှ မှန်မှန်ကန်ကန် ဆောင်ရွက်နေသော်လည်း ဆန့်ကျင်ဘက်မီဒီယာများက မမှန်သတင်းများ ထုတ်လွှင့်လျက်ရှိပါကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ယနေ့အထိ ပြည်သူ့စစ်မှုထမ်းနှင့်ပတ်သက်၍ ဆန့်ကျင်ဘက်မီဒီယာများက ထုတ်လွှင့်ခဲ့သည့် သတင်း(၁၂)ပုဒ် ရှိပါကြောင်း၊ ၎င်းတို့ထုတ်လွှင့်ခဲ့သည့် သတင်းများနှင့်ပတ်သက်ပြီး နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် သတင်းစာများမှ False News အဖြစ် တန်ပြန်ထုတ်လွှင့်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ဆန့်ကျင်ဘက်မီဒီယာများက ထုတ်လွှင့်သည့် သတင်းများစိစစ်ပြီး မှန်ကန်မှုမရှိပါက အချိန်နှင့်တစ်ပြေးညီ တန်ပြန်ထုတ်လွှင့်ရန် လိုအပ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့် ပတ်သက်၍ စည်းကမ်းတကျ ဆောင်ရွက်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များအနေဖြင့် ဖွင့်လှစ်ပြီးဖြစ်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအပတ်စဉ်(၆) တွင် တွေ့ကြုံခဲ့ရသည့် အခက်အခဲ၊ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်၍ လာမည့် ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ရည်မှန်းချက် ပြည့်ဝစွာ အကောင်အထည် ဖော်နိုင်ရေးနှင့် အဆင်ပြေချောမွေ့စေရေး အလေးထား ဆောင်ရွက်ကြရန် လိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရေး ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်နှင့် ဖြည့်စွက်အကြံပြုဆွေးနွေးလိုသည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန်ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို အခြေခံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန်၊ ပြည်သူ့စစ်မှုထမ်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် အသိပညာပေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရန်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများက ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်ဆိုင်ရာကိစ္စများ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှုနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် အကြောင်းမဲ့ပျက်ကွက်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းများအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေများကို လည်းကောင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဥက္ကဋ္ဌများက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို လည်းကောင်း၊ ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှုနှင့် ထောက်ပံ့ပေးနိုင်မှုအခြေအနေများကို လည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ အနေဖြင့် ပြည်သူ့စစ်မှုထမ်းများ အဖြစ် စာရင်းရေးသွင်းပြီးမှ အကြောင်းမဲ့ပျက်ကွက်သူများ၊ ဆေးအောင်ပြီးမှ အကြောင်းမဲ့ ပျက်ကွက်သူများ၊ သင်တန်းကျောင်းသို့ရောက်ရှိပြီးမှ အကြောင်းမဲ့ပျက်ကွက်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရန်လိုပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဆောင်ရွက်ရာတွင် အတင်းအဓမ္မဆင့်ခေါ်ခြင်းမျိုး မဖြစ်စေရေး သတ်မှတ်ညွှန်ကြားချက်များ၊ စံပြုလုပ်ထုံးလုပ်နည်းများနှင့် အညီ အထူးအလေးထား ဆောင်ရွက်ရန်လိုအပ်ပါကြောင်းနှင့် သင်တန်းအမှတ်စဉ်အလိုက် သတ်မှတ်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ ငွေကျပ် သန်း ၂၀ လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၇

နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၌ နားခိုလျက်ရှိကြသည့် တပ်မတော်သား အငြိမ်းစားများနှင့် မိသားစုဝင်ဘိုးဘွားများအတွက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ သွားရောက်၍ ငွေကျပ်သန်း ၂၀ ပေးအပ်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)က တပ်မတော်သားဖြစ်ခဲ့သူတစ်ဦးအနေဖြင့် သက်ကြီးရွယ်အို စစ်မှုထမ်းဟောင်းများအား ယခုကဲ့သို့ စောင့်ရှောက်နေသည့် မွန်မြတ်လှသော ပရဟိတလုပ်ငန်းကြီးဖြစ်တည်လာရခြင်းကို အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် စွန့်လွှတ်စွန့်စားသူများ၏ ကွန်းခိုရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ အစွန့်ရှည်တည်မြဲရေးအတွက် နှစ်စဉ် လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ပြန်လည်ပြောကြား

ထို့နောက် လှူဒါန်းငွေများအား မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းထွန်း(ငြိမ်း)ထံသို့ ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်တံခါးမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသပေး

ကျောက်တံခါး နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဖြူးမြို့ (ခုတင်-၁၀၀) အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်မိုး ခေါင်းဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ဒေသခံပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးသည်။



### ကြည့်ရှုအားပေး

အဆိုပါ ကွင်းဆင်းကုသဆောင်ရွက်ပေးရာတွင် အထွေထွေရောဂါ၊ ခွဲစိတ်၊ အရိုးအကြော၊ ကလေး၊ သွားနှင့်ခံတွင်း စသည်တို့ကို အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက (အခမဲ့) ဆေးကုသပေးခြင်း ဆောင်ရွက်ပေးရာ ဖြူးမြို့ (ခုတင် - ၁၀၀) အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့်အဖွဲ့ဝင်များ၊ ကျောက်တံခါးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစည်သူစန်းတို့က ဆေးကုသပေးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထိုသို့ ဆေးကုသပေးမှုတွင် အထွေထွေရောဂါကုသလူနာ ၆၉ ဦး၊ အရိုးအကြောလူနာ ၇၈ ဦး၊ ခွဲစိတ်လူနာ ၄၀၊ ကလေးလူနာ ၂၆ ဦး၊ သွားနှင့်ခံတွင်း လူနာ ၁၃ ဦး၊ လွှဲပြောင်းလူနာ ခြောက်ဦး စုစုပေါင်း လူနာ ၂၁၆ ဦးအား အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးတို့ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၇**

(၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးသမိုင်းတစ်လျှောက်တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား ပြောင်းလဲမှုဖြစ်စဉ်များနှင့်အတူ အသွင်အမျိုးမျိုးဖြင့် ပြုပြင်ပြောင်းလဲပြီး ယနေ့ခေတ် ကာလတိုင်အောင် နိုင်ငံတော်၏ အုပ်ချုပ်ရေးကို အထောက်အကူပြုသည့် ဌာနကြီးတစ်ခုအနေဖြင့် ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းသည် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် ဌာန၏ရည်မှန်းချက်များဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ဌာန၏မူဝါဒများဖြစ်သည့် နိုင်ငံတော် မူဝါဒလိုက်နာရေး၊ အခြေခံသဘောတရားနှင့်ကိုက်ညီရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရေးတို့အတွက်ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်ကိုလည်း တွေ့ရပါကြောင်း။ စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရာဂီတိုင်ဖွန်းမုန်တိုင်း အရှိန်ကြောင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် သက်ဆိုင်ရာ ခရိုင်/ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့်အတူ ထဲထဲဝင်ဝင် ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့သည့်အပေါ် ဌာနအနေဖြင့် များစွာ ဂုဏ်ယူရမည်ဖြစ်ကြောင်း၊ ယခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ လူဦးရေနှင့်အိမ်အကြောင်းအရာ ကိန်းဂဏန်း၊ အချက်အလက်များကို နိုင်ငံတစ်ဝန်း တစ်ပြိုင်တည်းကွင်းဆင်း ကောက်ယူခဲ့ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်၊ နိုင်ငံရေးရည်မှန်းချက် (၂)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို "မူဝါဒ" အဖြစ်ခံယူပြီး ကျရာအခန်းကဏ္ဍက စိတ်ရင်းစေတနာအမှန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့်အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အရာထမ်း၊ အမှုထမ်းများအနေဖြင့် လိုအပ်သည့် အခန်းကဏ္ဍကပါဝင်၍ ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ နိုင်ငံ့အကျိုးကို အစဉ်သယ်ပိုးနိုင်ပြီး အရည်အသွေး ပြည့်ဝသည့် အုပ်ချုပ်ရေး ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

ယင်းနောက်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဌာနတူညီဝတ်စုံများ၊ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များနှင့် အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းတို့၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် စံပြဆု၊ ပထမဆုရရှိသူများအား ဆုများချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အိန္ဒိယနိုင်ငံမှ သတင်းသုံးသပ်သူ Mr. Atul Aneja အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် အိန္ဒိယနိုင်ငံမှ သတင်းသုံးသပ်သူ Mr.Atul Aneja အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့လက်ခံတွေ့ဆုံရာတွင် မျက်မှောက်ခေတ်ကမ္ဘာ့ရေးရာနှင့် မြန်မာ့ရေးရာအခြေအနေဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား သတင်းတု၊ သတင်းမှားများကို တုံ့ပြန်ရေးနှင့် သတင်းမှန်များထုတ်ပြန်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် မီဒီယာကဏ္ဍတွင်သာမက အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ရှမ်းပြည်နယ်အတွင်း သဘာဝဘေးကြောင့် ပျက်စီးမှုများကို မူလအခြေအနေသို့ရောက်ရှိအောင် အမြန်ဆုံးပြုပြင်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်အတွင်း သဘာဝဘေးကြောင့် ပျက်စီးခဲ့သောလမ်း၊ တံတားများ ပြုပြင်ဆောင်ရွက်မှု အခြေအနေနှင့် ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ လမ်းဦးစီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့မှ ညွှန်ကြားရေးမှူးများက ရှမ်းပြည်နယ်အတွင်း သဘာဝဘေးကြောင့် လမ်းများပျက်စီးမှုအခြေအနေ၊ လတ်တလောပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်၊ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်တို့က ရှမ်းပြည်နယ်အတွင်း သဘာဝဘေးကြောင့် ပျက်စီးမှုများကို မူလအခြေအနေသို့ရောက်ရှိအောင် အမြန်ဆုံး ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ငန်းစီမံချက်အတိုင်း အချိန်မီပြီးစီးရေး တွန်းအားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရန်ပုံငွေသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ တိုးချဲ့ဆောက်လုပ်တည်ဆောက်မည့် နေရာနှင့် ခြောက်ခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ဆေးရုံအတွင်း ပြုပြင်ဆောင်ရွက်နေသည်များ၊ တောင်ကြီးမြို့ရှောင်လမ်းဖြစ်သော အရှည် ၁၇ မိုင် လေးဖာလုံ ရှိသည့် လေးမိုင်ကွေ့-ညိုမီး-လင်ကွင်း-ရွှေညောင်လမ်းတို့ကို စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် (တောင်ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် ခရိုင်အဆင့် အရာထမ်းဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်နှင့်အဖွဲ့ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနား တက်ရောက်



ဘားအံ နိုဝင်ဘာ ၇

ကရင်တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်ဖြစ်သော (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေး အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်၊ မွန်၊ တနင်္သာရီတို့မှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသား လက်နက်ကိုင်ငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ သဘာပတိအဖွဲ့ဝင်များ နေရာယူပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြု၍ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှပေးပို့သည့် ၂၀၂၄ ခုနှစ် (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ဖတ်ကြားပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ် ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ (BGF) အထွေထွေအတွင်းရေးမှူး စောချစ်သူ၊ ကရင်အမျိုးသား အစည်းအရုံး/ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)KNU/KNLA(PC)ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး၊ ဒီမိုကရေစီ အကျိုးပြုကရင်တပ်မတော်(DKBA)မှ စောစိန်ဝင်း၊ ကရင်ပြည်နယ် ဝန်ကြီးချုပ်(ငြိမ်း) ဦးဇော်မင်းနှင့် မြို့မိမြို့ဖ ဦးစောဖိုးနီတို့က (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးနှင့် ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး၍ ငြိမ်းချမ်းရေး ချိုးဖြူငှက် ၆၉ ကောင်ကို လွှတ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် အဖွဲ့သည် ဌာနဆိုင်ရာ ပြခန်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းများ၊ ဒေသထွက်ကုန် အရောင်းပြခန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှု လက်မှုထုတ်ကုန်ပြခန်းများအား လှည့်လည် ကြည့်ရှုအားပေးကြပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ ပန်းမန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ပြခန်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် တာဝန်ရှိသူများက သီးနှံအမျိုးအစားပေါင်း ၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်အနက်မှ ပထမဆုရရှိသည့် သီးနှံများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး အမျိုးသား/အမျိုးသမီး ငါးတက်လှော်ပြိုင်ပွဲ၊ ခုနစ်တက်လှော်ပြိုင်ပွဲနှင့် တက် ၂၀ နဂါးလှေလှော်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

မွန်းလွဲပိုင်းတွင် (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ပြည်နယ် ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားကို ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စီမံခန့်ခွဲရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ စက်မှုနှင့်နည်းပညာ၊ မွေးမြူရေး၊ အမျိုးဘာသာသာသနာ အစရှိသည့် ကဏ္ဍများအတွက် ဂုဏ်ထူးဆောင်ဆုပေါင်း ၇၅ ဆုကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၆ ရက် ညပိုင်းက ဘားအံမြို့ သီရိကွင်း၌ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲ ဒုတိယနေ့အဖြစ် ယှဉ်ပြိုင်လျက်ရှိသော ပြိုင်ပွဲဝင်ဒုံးအဖွဲ့ ၁၀ ဖွဲ့၏ မြူးကြွသွက်လက် မြိုင်ဆိုင်စွာ ယှဉ်ပြိုင်ကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် အင်းစိန်မြို့နယ်ရှိ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ အောင်ဆန်းပုံနှိပ်စက်ရုံနှင့် ဂျီတီစီပုံနှိပ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့မွန်းလွဲပိုင်းက အင်းစိန်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ အောင်ဆန်းပုံနှိပ်စက်ရုံနှင့် ဂျီတီစီပုံနှိပ်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထိုသို့စစ်ဆေးရာတွင် ဒုတိယဝန်ကြီးသည် ကျောင်းသုံးစာအုပ်များ၊ ဌာနဆိုင်ရာများမှ အပ်နှံသည့် ပုံနှိပ်လုပ်ငန်းများ ပုံနှိပ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပုံနှိပ်အရည်အသွေးကောင်းမွန်ရေး၊ ကုန်ကြမ်းပစ္စည်းများ အလေအလွင့်မရှိစေရေး၊ ပုံနှိပ်လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ စက်ပစ္စည်းများ မပျက်စီးအောင် စနစ်တကျ ကိုင်တွယ်အသုံးပြုရေးနှင့် ကြံ့ခိုင်မှု ပုံမှန်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းများ ပြုလုပ်ရေး၊ လုပ်ငန်းခွင်အန္တရာယ်မဖြစ်ပေါ်စေရေးတို့ကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပစ္စည်းသိုလှောင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး ကုန်ကြမ်းပစ္စည်းများ စနစ်တကျ တွက်ချက်ဝယ်ယူရေး၊ နှစ်ကြာမြင့်စွာ သိုလှောင်သိမ်းဆည်းထားခြင်းမျိုးမဟုတ်ဘဲ စောစီးစွာရောက်နေသည့် ကုန်ကြမ်းများကို ဦးစားပေးအသုံးပြုနိုင်ရေး၊ ကုန်ကြမ်းများ ပျက်စီးလေလွင့်မှုမရှိစေရေး၊ မီးဘေးအန္တရာယ်သတိပြုရေးနှင့် စက်ရုံလုံခြုံရေး ဂရုပြုရန်တို့ကို မှာကြားသည်။ **သတင်းစဉ်**



# မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းက တန်ဆောင်တိုင်ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၇

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းကကြီးမှူး၍ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းနှင့် ဇော်ဂျီလမ်းထောင့်တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မြေပဲဆီနှင့် နှမ်းဆီများကို လွတ်လပ်စွာ ဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက "မြေပဲဆီ တစ်ပိဿာကို ရန်ကုန်မြို့မှာ ငွေကျပ် ၂၀၀၀၀ ဝန်းကျင်ဈေးရှိပြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်မှာ တစ်ပိဿာကို အမြင့်ဆုံး ငွေကျပ် ၁၆၀၀၀ ထက် မပိုတဲ့ဈေးနဲ့ရောင်းချပေးမှာပါ။ စိတ်ကြိုက်လိုသလောက် ၅၀ ကျပ်သားဘူးကစပြီး ပိဿာဘူးများအထိ ရောင်းချပေးမှာပါ။ ပထမအကြိမ် ဈေးရောင်းပွဲတော်မှာ မြေပဲဆီ တစ်ပိဿာကို ငွေကျပ် ၁၅၀၀၀ နဲ့ သုံးရက်အတွင်း ဆီပိဿာချိန် ၆၀၀၀၀ ကျော် ရောင်းရပါတယ်။ ဒီတစ်ခေါက် သယ်ယူစရိတ် အနည်းငယ်မြင့်တက်လို့ ဈေးအနည်းငယ်တင်ပြီး ရောင်းရတာပါ။ ပွဲတော်ရက်အတွင်း ဆီပိဿာချိန် များများယူရင် ရန်ကုန်မြို့အတွင်း ပို့ပေးမှာပါ။ ပို့ဆောင်ခကို မှာယူသူကပေးဆောင်ရပါမယ်"ဟု ပြောကြားသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးမှ ဆီစက်လုပ်ငန်းရှင် ကိုးဦး၊ မကွေးတိုင်းဒေသကြီးမှ လေးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး လာရောက်ရောင်းချမည်ဖြစ်သည်။

ကုန်ကြမ်းသီးနှံဖြစ်သည့် မြေပဲမှာ စက်တင်ဘာလမှ မတ်လအထိ လှိုင်လှိုင်ပေါ်သည့်ကာလဖြစ်သဖြင့် မြေပဲဆီများကို သက်သာသည့်ဈေးနှုန်းဖြင့် လာရောက်ရောင်းချခြင်းဖြစ်သည်။ ဈေးရောင်းပွဲတော် သုံးရက်အတွင်း မြေပဲဆီ ပိဿာချိန် တစ်သိန်းဝန်းကျင်ရောင်းချနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **မျိုးမင်းသူရ**

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၇

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ





# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံများ ယှဉ်ပြိုင်လွှတ်တင်ပူဇော်မှုများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံတစ်ဝန်း တန်ဆောင်တိုင်ပွဲတော်များစီစဉ်ကျင်းပ၍ ပျော်ရွှင်စွာ ဆင်နွှဲမှုနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌လည်း ယခင်နှစ်ကဲ့သို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ၊ ဝတ်ရွတ်အသင်းအဖွဲ့များက အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ မီးပုံးပျံကြီးများ ယှဉ်ပြိုင်လွှတ်တင်ပူဇော်ပွဲနှင့် မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်မှု၊ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်မှု၊ LED မီးများဖြင့် အလှဆင်ပူဇော်မှုများ စီစဉ်ကျင်းပမည့်အပြင် ဓာတ်သဘင်ပွဲထည့်သွင်းပြီး ကပြဖျော်ဖြေတင်ဆက်မှုများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည်ဖြစ်သည်။

ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာအစားအစာ အရောင်းဆိုင်များ ထည့်သွင်းခင်းကျင်းပြသ၊ ရောင်းချကြမည်ဖြစ်ကြောင်း၊ ဓာတ်သဘင်ဖျော်ဖြေတင်ဆက်မှုတွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး၏ စီစဉ်မှုဖြင့် ဓာတ်မင်းသား ဖိုးချစ်တို့အဖွဲ့နှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ညစဉ် ကပြဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကမ္ဘာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာညီလာခံ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၇

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီအန်းမြို့၌ကျင်းပသည့် တတိယအကြိမ်မြောက် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ညီလာခံသို့ တက်ရောက်ပြီး နဝမအကြိမ်မြောက် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုန်စည်ပြပွဲသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။




ညီလာခံတွင် ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပသည့် အခမ်းအနားသို့ အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကဒေသများမှ နိုင်ငံများ၊ အရှေ့တောင်အာရှမှ မြန်မာနိုင်ငံကို အဓိကထားဖိတ်ကြားထားသည်ကို တွေ့မြင်ရပါကြောင်း၊ မိမိတို့နိုင်ငံတွင် အလားအလာကောင်းသော ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများရှိပြီး တည်ဆောက်ပြီးဖြစ်သည့် ပိုက်လိုင်း Infrastructure များလည်း ရှိပါကြောင်း၊ ရေနံချက်စက်ရုံနှင့် ဓာတ်မြေဩဇာစက်ရုံများလည်း အဆင့်မြှင့်တင်ရန်နှင့် ထပ်မံတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ဘဏ်က ဖြစ်နိုင်ခြေဆန်းစစ်အတည်ပြုထားပြီးဖြစ်သည့် ရေနံဆိပ်ကမ်းများနှင့် LNG Terminal တည်ဆောက်ရန် နေရာကောင်းများလည်း ရှိပါကြောင်း၊ ယင်းအခြေခံကောင်းများကို သိရှိစေလိုပြီး လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများစွာ ရှိနေပါကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံဆွေးနွေးမှုများ၌ ပါဝင်ဆွေးနွေးရာတွင် **“အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိကဒေသနှင့် တရုတ်နိုင်ငံတို့အကြား ပေါင်းကူးဆက်သွယ်ပေးနိုင်မည့် ပထဝီအနေအထားအရ အချက်အချာကျသည့် မြန်မာနိုင်ငံမှတစ်ဆင့် စီးပွားရေးအခွင့်အလမ်းတစ်ခုအား ဖန်တီးတည်ဆောက်ကြပါစို့ (Let’s Build a Bridge Between Middle–East, Africa & China)”** ဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

ညီလာခံအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နဝမအကြိမ်မြောက် ကမ္ဘာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ကုန်စည်ပြပွဲကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **သတင်းစဉ်**

# တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအကောင်အထည်ဖော်ရေးကော်မတီအောက်ရှိ သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၏ ပဉ္စမအကြိမ်မြောက်အစည်းအဝေး ကျင်းပ




နေပြည်တော် နိုဝင်ဘာ ၇

တရုတ် – မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေး ကော်မတီအောက်ရှိ သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၏ ပဉ္စမအကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

အစည်းအဝေးသို့ တရုတ် – မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေးကော်မတီ သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ လုပ်ငန်းအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Wang Xing Xing နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တရုတ်–မြန်မာ စီးပွားရေးစင်္ကြံအောက်မှ အဓိကစီမံကိန်းကြီးများနှင့် အခြားစီမံကိန်းများ အကောင်အထည်ဖော်ရေး၊ တရုတ် – မြန်မာနှစ်နိုင်ငံ ရေကြောင်းပညာနှင့် လေ့ကျင့်ရေး ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းရည်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်ကြသည့် တရုတ်နိုင်ငံကိုယ်စားလှယ်များသည် ရန်ကုန်ဆိပ်ကမ်းသီလဝါရှိ နိုင်ငံတကာ ဆိပ်ကမ်းတံတားများသို့ သွားရောက်လေ့လာကြကြောင်း သိရသည်။

**အလှည့်ကျကျင်းပ**

တရုတ် – မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေး ကော်မတီကို ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဆိုပါကော်မတီအောက်ရှိ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ ၁၂ ဖွဲ့တွင် ပါဝင်သော သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၏ အစည်းအဝေးများကို ၂၀၁၉ ခုနှစ်မှစ၍ တစ်နှစ်လျှင်တစ်ကြိမ် အလှည့်ကျကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး၌ ဆီထွက်သီးနှံ နေကြာအပါအဝင် သီးထပ်သီးနှံတိုးချဲ့စိုက်ပျိုးရေး ကြိုးပမ်း

နေပြည်တော် နိုဝင်ဘာ ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်စု မိုးစပါး နည်းပညာပေးစံပြစိုက်ကွင်း၌ ကျင်းပသည့် ဓာတ်မြေသြဇာကြဲပက်ပွဲသို့ တက်ရောက်လာကြသည့် တောင်သူများနှင့် ရင်းနှီးခင်မင်စွာတွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု အလားအလာကောင်းသော ဒေသများကို အားပေးထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းရှင်များနှင့် တောင်သူများအကြား မျှတသည့်အကျိုးစီးပွားဖြစ်ထွန်းစေရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့သော မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးပြောကြားပြီး မိုးစပါးခင်းတွင် တောင်သူများ စုပေါင်း၍ ဓာတ်မြေသြဇာကြဲပက်မှုကို ကွင်းဆင်းကြည့်ရှုအားပေးကြသည်။



ထိုမှတစ်ဆင့် သာစည်မြို့နယ်ရှိ ညောင်ရမ်း-မင်းလှကန်သို့ ရောက်ရှိစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ညောင်ရမ်းကန်နှင့် မင်းလှကန်၏ ရေခြားကန်ပေါင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို လာမည့် နွေစပါးရာသီစိုက်ပျိုးရေပေးဝေပြီး ကန်ရေလျော့နည်းချိန်တွင် ဆောင်ရွက်ရန်နှင့် ဘဏ္ဍာငွေအလေအလွင့်မရှိဆောင်ရွက်နိုင်ရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာ မိုးမြေပဲအထူးဇုန် ဧက ၁၀၀ စိုက်ကွင်းတွင် ဒေသခံမြေပဲစိုက် တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနခွဲ ကျောက်ဆည်စိုက်ပျိုးရေးသုတေသနခြံတွင် ဆောင်ရွက်လျက်ရှိသည့် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စပါးမျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ကျောက်ဆည်မြို့ ဒွေးလှကျေးရွာ ဓမ္မာရုံ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဆီထွက်သီးနှံ နေကြာအပါအဝင် သီးထပ်သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ နေကြာစိုက်ပျိုးခြင်းအတွက် လိုအပ်သော နည်းပညာနှင့်အကူအညီများ ဆောင်ရွက်ပေးနိုင်ရေး၊ တောင်သူများ၏ လက်တွေ့လုပ်ငန်းခွင်အခက်အခဲများကို မေးမြန်းဆွေးနွေးပြီး သက်ဆိုင်ရာဌာနတာဝန်ရှိသူများက အနီးကပ်ကြပ်မတ်ကူညီပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပြည် နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့နယ် နတ္တလင်းကျေးရွာအုပ်စု၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ် ပြည်မြို့နယ်အတွင်း မိုးနှောင်းချည်မျှင်ရှည်ဝါသီးနှံ (ရာကာ-၆၆၆) မျိုးအား အစက်ချရေပေးသွင်းနည်း စနစ်ဖြင့် ရေပေးဝေဆောင်ရွက်ထားသော စံပြစိုက်ခင်း ၁၅ ဧက၏ အောင်မြင် ဖြစ်ထွန်းနေမှုကို သွားရောက် ကြည့်ရှုပြီး ဒေသခံဝါစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ဝါသီးနှံသည် ရေပေးသွင်းနိုင်ပါက နောက်တစ်ကြိမ် ပြန်လည် ခူးဆွတ်နိုင်ပြီး ယခုလို စံပြစိုက်ခင်းများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ တီတွတ်ကျေးရွာအနီး ပြည်မွေးမြူရေးဇုန်သို့ သွားရောက်၍ ဦးလင်းကိုကိုခိုင်၏ နို့စားနွားမွေးမြူနေမှုနှင့် နို့ထွက်ပစ္စည်း ဒိန်ချဉ်ထုတ်လုပ်မှုအခြေအနေကို လည်းကောင်း၊ ဦးဇော်မင်း၏ ဒေသနွားမွေးမြူထားရှိမှုကို လည်းကောင်း၊ ဦးအေးမော်၏ ကာကီကင်ဘဲမွေးမြူရေးခြံနှင့် ဘင်္ဂလားနို့စားကျွဲမွေးမြူထားရှိမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နဝဒေးစက်မှုဇုန်သို့ ရောက်ရှိခဲ့ပြီး စက်မှုဇုန်အဝင်လမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းလယ်ကျွန်းပန်းခုံဆောင်ရွက်နေမှုနှင့် စက်မှုဇုန်အဝင်ဆိုင်းဘုတ် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ ကမ်းနားလမ်း အဆင့်မြှင့်တင်ထားရှိမှုနှင့် ပြည်သူများ စိတ်လက်အပန်းဖြေနိုင်စေရေး ညအလှမီးတပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကမ်းနားလမ်းအစဉ်သန့်ရှင်းသာယာလှပစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်နှင့် ကမ်းနားလမ်းတစ်လျှောက် ခေတ်မီ ဈေးဆိုင်ခန်းငယ်များ ထည့်သွင်းနိုင်ရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုးညိုမြို့နယ်၌ မိုးစပါးများစတင်ရိတ်သိမ်း

မိုးညို နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ကရင်ချောင်ကျေးရွာအုပ်စု၌ မိုးညိုမြို့နယ် သမဝါယမအသင်းစုက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကရင်ချောင်ကျေးရွာ ရွှေပဒေသာစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ဦးထွန်းလှိုင်၏ လယ် ၁၀ ဧကကို ယနေ့နံနက်ပိုင်းက မိုးစပါးများစတင်ရိတ်သိမ်းသည်။

မိုးညိုမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် သမဝါယမအသင်းပေါင်း ကိုးသင်းရှိပြီး လယ်ဧက ၂၀၀၀ ရှိသည့်အနက် ဦးထွန်းလှိုင်၏ လယ် ၁၀ ဧကကို စတင်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါး ၁၀၁ တင်းထွက်ရှိခဲ့ပြီး သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းအောင်ကျော်၊ သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ကိုမင်း(ပြန်/ဆက်)**



# “လှပသာယာပြည်မြန်မာ”ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၇

၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဩဂုတ် ၂၆ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ဖိတ်ခေါ်ခဲ့သည်။

ပြိုင်ပွဲတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ထင်ရှားသည့်အမှတ်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည့်လွတ်လပ်ရေး၏ အနှစ်သာရကို ဖော်ကျူးရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၆၃ ဦးက ဓာတ်ပုံပေါင်း ၅၉၉ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး နိုဝင်ဘာ ၆ ရက်တွင် ဓာတ်ပုံပညာရှင်များက ဆုများစိစစ်ရွေးချယ်ခဲ့ရာ ပထမဆု ဦးမျိုးမင်းထိုက်(The Eagle)၊ ဒုတိယဆု ဦးဇာနည်ကိုကို၊ တတိယဆု ဦးချမ်းသာ(MDY) တို့က ရရှိကြသည်။

ထို့ပြင် အထူးဆုများအဖြစ် အထူးဆု-၁ ဦးချမ်းသာ(MDY)၊ အထူးဆု-၂ ဦးစည်သူအောင်(နန်းတော်ရှေ့)၊ အထူးဆု-၃ ဦးကျော်နိုင်လင်း(လရိပ်ပြာ)၊ အထူးဆု-၄ ဦးချမ်းသာ(MDY)နှင့် အထူးဆု-၅ ဦးချမ်းသာ(မိတ္ထီလာ)တို့က ဆုများရရှိခဲ့ကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေတောင်မြို့နယ်၌ တောင်သူစိုက်ပျိုးနည်းပညာပေး ဆွေးနွေး

ရွှေတောင် နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကျွန်းတန်းရိုးကျေးရွာတွင် ယမန်နေ့ မွန်းလွဲပိုင်းက တောင်သူစိုက်ပျိုးနည်းပညာပေး ဆွေးနွေးပွဲ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြိုင်က မြေပဲသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာများ၊ ခရိုင်မျိုးစေ့ထုတ်တာဝန်ခံ ဒေါ်မြင့်မြင့်သိန်းက မျိုးစေ့ထုတ်လုပ်ခြင်းနည်းပညာများ၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်အေးအေးမင်းက မြေပဲတွင် လိုအပ်သော မြေဆီလွှာအာဟာရဓာတ်များ အကြောင်း ခရိုင်သီးနှံ ကာကွယ်ရေးတာဝန်ခံ ဒေါ်မော်မော်က ဆီထွက်သီးနှံများတွင် ကျရောက်သောပိုးမွှားရောဂါများနှင့် ကာကွယ်နှိမ်နင်းရေးနည်းပညာများ၊ ဒုတိယဦးစီးမှူး ဒေါ်ခင်ဝင်းမြင့်က မြေဆီလွှာအကျိုးပြု ပိုက်ဆံလျှော်စိုက်ပျိုးခြင်းနှင့် သစ်စိမ်းမြေသြဇာ ထည့်သွင်းခြင်း နည်းပညာများနှင့် ဒုတိယဦးစီးမှူး ဒေါ်လေးလေးနွယ်က နေကြာသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ တောင်သူ ၆၃ ဦး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

# လူမှုကျင့်ဝတ်စည်းကမ်းနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး

ညွန့်ဝင်း(နတ်တလင်း)

လူသည် တစ်ဦးတည်းနေထိုင်၍မရကြောင်း သမိုင်းဦးအစကပင် သိခဲ့ကြပြီးဖြစ်သည်။ ထိုကာလကတည်းက လူသားတို့သည် အချင်းချင်း အုပ်စုဖွဲ့နေထိုင်ကြပြီး တစ်ဦးချင်း အပြန်အလှန်ဆက်ဆံခြင်း၊ အုပ်စုချင်း အပြန်အလှန်ဆက်ဆံခြင်းများ ပြုခဲ့သည်။ ထိုမှတစ်ဆင့် ယဉ်ကျေးမှုအဆင့်အတန်း တိုးတက်မြင့်မားလာသည့်အလျောက် မိသားစု၊ ရပ်ရွာအုပ်စု၊ မြို့ပြ၊ နိုင်ငံဟူ၍ ဆက်ဆံရေးနယ်ပယ်များ ကျယ်ပြန့်လာသည်။ ဤတွင် လူ့အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု မတူကွဲပြားမှုများရှိသကဲ့သို့ လူမှုစည်းကမ်းများနှင့် ကိုယ်ကျင့်တရား အယူအဆ သတ်မှတ်ချက်များလည်း ကွဲပြားလာပါသည်။ ၎င်းကွဲပြားမှုများကို နည်းလမ်းတကျ ညှိနှိုင်းဆောင်ရွက်၍ ငြိမ်းချမ်းသာယာသောဘဝကို တည်ဆောက်ကြရမည် ဖြစ်သည်။

ကျွန်ုပ်တို့လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်စည်းကမ်းများကို အပိုင်းလေးပိုင်း ခွဲခြားနိုင်သည်။ ၎င်းတို့မှာ-

(၁) လူမှုကျင့်ဝတ်များ
(၂) အခွင့်အရေးနှင့် တာဝန်များ
(၃) စည်းကမ်းနှင့် ဥပဒေများ
(၄) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းများ ဖြစ်သည်။

### ကိုယ်ကျင့်တရားနှင့် လူမှုကျင့်ဝတ်များ

လူမှုကျင့်ဝတ်များတွင် နိုင်ငံသားတိုင်း လိုက်နာကျင့်သုံးရန် စံပြုထားသော ကိုယ်ကျင့်တရားနှင့် လူမှုကျင့်ဝတ်များ ပါဝင်သည်။ လူမှုစည်းကမ်းများကို ကျင့်ဝတ်သဖွယ် လေးစားလိုက်နာလျက် တစ်ဦးနှင့်တစ်ဦး ယုံကြည်ကိုးစားမှုကို တည်ဆောက်ရသည်။ သက်ကြီးရွယ်အိုများကို ရိုသေလေးစားခြင်း၊ မသန်စွမ်းသူများကို အလေးထားဆက်ဆံခြင်း၊ လုံ့လဝီရိယရှိခြင်း၊ သဒ္ဓါတရားဖြင့် ပေးကမ်းမျှဝေခြင်း၊ ပညာရှိများ လမ်းညွှန်ဆုံးမထားသော စကားပုံ၊ ဆိုရိုးစကားနှင့် ဆုံးမစကားများကို ရှုမြင်လေ့လာသင်ယူခြင်းဖြင့် လူမှုကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ရမည် ဖြစ်သည်။ ကျင့်ဝတ်များကို ကြိုးစားပြုမူဆောင်ရွက်ခြင်းဖြင့် အလေ့အထသဖွယ် နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်လာမည်ဖြစ်သည်။

### လူမှုကျင့်ဝတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

လူမှုကျင့်ဝတ်ဟူသည် လူတို့လိုက်နာကျင့်ကြံအပ်သည့် တာဝန်ဝတ္တရားများဖြစ်သည်။ လူမှုကျင့်ဝတ်နှင့်အညီ နေထိုင်ခြင်းဖြင့် လုံခြုံသောဘဝ၊ အေးချမ်းသာယာသောဘဝကို ရရှိမည်ဖြစ်သည်။ လူမှုကျင့်ဝတ်များကို အသေးစိတ် ထပ်မံခွဲခြားကြည့်လျှင် ယဉ်ကျေးခြင်း၊ ရိုသေလေးစားခြင်း၊ ဖြောင့်မတ်တည်ကြည်ခြင်း၊ ချစ်ခင်မြတ်နိုးတန်ဖိုးထားခြင်းတို့ကို တွေ့နိုင်သည်။ ယဉ်ကျေးခြင်းဆိုသည်မှာ အပြောအဆို ချိုသာခြင်း၊ ကိုယ်အမူအရာ နူးညံ့သိမ်မွေ့ခြင်း၊ ကူညီတတ်ခြင်း၊ မျှဝေခြင်း စသည့် အမူအကျင့်များရှိခြင်းပင်ဖြစ်သည်။ ရိုသေလေးစားခြင်းဆိုသည်မှာ အလေးထားတတ်ခြင်း၊ ဦးစားပေးတတ်ခြင်း၊ တာဝန်ယူတတ်ခြင်း၊ နားလည်မှုရှိခြင်း စသည့်အမူအကျင့်များရှိခြင်းပင် ဖြစ်သည်။ ဖြောင့်မတ်တည်ကြည်ခြင်း၌ မှန်ကန်စွာ ပြောဆိုလုပ်ကိုင်ခြင်း၊ ယုံကြည်အားကိုးထိုက်ခြင်း၊ မျှတမှုရှိခြင်း စသည့်အမူအကျင့်များရှိခြင်းပင် ဖြစ်သည်။ ချစ်ခင်မြတ်နိုးတန်ဖိုးထားခြင်းဆိုရာ၌ ချစ်ခင်ကြင်နာတတ်ခြင်း၊ နွေးထွေးမှုရှိခြင်း၊ ခွင့်လွှတ်တတ်ခြင်း စသည့်အမူအကျင့်များရှိခြင်းကို ဆိုလိုသည်။

❖ **နိုင်ငံသားတိုင်းသည် အခွင့်အရေး တန်းတူညီမျှရရှိစေရန်နှင့် တရားမျှတလွတ်လပ်စွာ နေထိုင်နိုင်ရန် လိုလားကြသည်။ သို့သော် ကိုယ်ပိုင်အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားကို မထိခိုက်စေသင့်ပေ။ မိမိကဲ့သို့ပင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို လေးစားတန်ဖိုးထားရပေမည်။ တရားမျှတခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ အများပြည်သူ အေးချမ်းသာယာ၍ အကျိုးစီးပွားဖြစ်ထွန်းစေခြင်းတို့သည် ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် ရှိအပ်သော အခွင့်အရေးနှင့် တာဝန်များဖြစ်**

❖ **နိုင်ငံသားတစ်ယောက်ဖြစ်လာလျှင် ချမှတ်ထားသော စည်းကမ်းများနှင့် ဥပဒေများကို လေးစားလိုက်နာရမည်။ အမှန်စင်စစ် စည်းကမ်းတကျ နေထိုင်ပြုမူတတ်သော အလေ့အကျင့်ကောင်းများသည် ငယ်စဉ်ဘဝမိသားစုနှင့် ကျောင်းပတ်ဝန်းကျင်တို့က စတင်ခဲ့**

ကိုယ်ကျင့်တရားကောင်းမွန်ရေးသည် လူသားတစ်ဦးအတွက် အလွန်အရေးကြီးသည်။ ကိုယ်ကျင့်တရားကောင်းမှသာ လူအများက ယုံကြည်သူတစ်ဦးဖြစ်လာနိုင်သည်။ ရိုးသားမှု၊ ကတိတည်မှု၊ သစ္စာရှိမှုနှင့် စိတ်ထားဖြူစင်မှုတို့သည် မိမိအပေါ် ယုံကြည်ကိုးစားမှုရှိစေသော အချက်များဖြစ်သည်။ ထို့ကြောင့် ယုံကြည်ကိုးစားမှုသည် ရိုးရိုးသားသား အမှန်စကားကိုသာပြောခြင်း၊ အပြောနှင့် အလုပ်ညီခြင်းတို့၏ ရလဒ်ဟု ဆိုနိုင်သည်။

### ရိုသေလေးစားခြင်းနှင့် အလေးထားဆက်ဆံခြင်း

သက်ကြီးရွယ်အိုများကို ရိုသေလေးစားခြင်းနှင့် မသန်စွမ်းသူများကို အလေးထားဆက်ဆံခြင်းသည် ကျင့်အပ်သော လူမှုကျင့်ဝတ်ဖြစ်သည်။ ၎င်းလူမှုကျင့်ဝတ်ကို သာဓကပြရလျှင် အတန်းထဲတွင် စာတော်သော်လည်း အပေါင်းအသင်းအပေါ် ဖော်ရွေစွာ မဆက်ဆံတတ်သော၊ သက်ကြီးရွယ်အိုများနှင့်တွေ့လျှင် မသိကျိုးကျွန်ပြုကာ မကူညီတတ်သောလူငယ်မျိုးနှင့် စာအလွန် မတော်သော်လည်း အပေါင်းအသင်းများကို ရင်းနှီးဖော်ရွေစွာ ဆက်ဆံတတ်သော၊ သက်ကြီးရွယ်အိုများနှင့်တွေ့လျှင် ကြင်နာစွာဖေးမကူညီတတ်သော လူငယ်တို့တွင် သင်မည်သူ့ကိုချီးမွမ်းမည်နည်း။ အဖြေမှန်ကို သင်ချင့်ချိန် သိရှိနိုင်ပေသည်။

လူသားတစ်ဦးသည် ကိုယ်ပိုင်လုံ့လ၊ ဝီရိယနှင့် အသိအလိမ္မာ ပညာရှိရမည်။ မှန်ကန်သော ဖွဲ၊ လုံ့လ ဝီရိယ၊ ဆုံးဖြတ်ချက်နှင့် အသိအလိမ္မာ ပညာတို့ ပေါင်းစပ်နိုင်မှသာ မိမိရောက်လိုသည့် ပန်းတိုင်ကို ရောက်နိုင်သည်။ ထိုသူမျိုးသည် မိမိကိုယ်ကျိုးအတွက်သာမက အများကောင်းကျိုးကိုလည်း သယ်ပိုးနိုင်မည်ဖြစ်သည်။ ထိုအကြောင်းကို လောကသာရပျို့ ၁၆ တွင် "ဃရာဝါသ၊ ကိစ္စမြားမြောင်၊ လူတို့ဘောင်၌၊ အိမ်ထောင်သက်မွေး၊ ခြံနယ်မြေသား၊ လူရေးကျယ်စွာ၊ အဖြာဖြာကို၊ လိမ္မာအတတ်၊ ချားရဟတ်သို့၊ လည်ပတ်ပြီးမှ၊ ကြံတွက်ဆ၍၊ လုံ့လပင်စည်၊ အရင်းတည်လျက်၊ ခက်ရှည်ပညာ၊ ချမ်းသာအသီး၊ ကြီးစရွှေ့ရွှေ့၊ အခလေ့ဖြင့်၊ မမေ့မကျန်၊ လူမှုပွန်လျက်၊ စောင်မာန်မဲ့ဆုံး၊ တော်ဖြောင့်သုံး၍၊ နှလုံးသန့်စင် ကြည်စေမင်း"ဟု ရေးဖွဲ့လမ်းညွှန်ထားသည်။

ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ချစ်ခင်ကြင်နာမှုရှိခြင်း၊ ရိုသေလေးစားမှုရှိခြင်း၊ စာနာနားလည်ခြင်း၊ ကူညီရိုင်းပင်းတတ်ခြင်း စသည့်ကောင်းမြတ်သော အရည်အသွေးများရှိရုံသာမက သဒ္ဓါတရားထက်သန်စိတ်ဖြင့် ပေးကမ်းမျှဝေတတ်ခြင်းရှိရန်လည်းလိုသည်။ သူတစ်ပါး ကောင်းကျိုးစီးပွားကို လိုလားခြင်းဟူသော ဖြူစင်မှုရှိထိုက်သော မေတ္တာထားနိုင်ခြင်း၊ လိုအပ်နေသူကို ငွေကြေးနှင့် ရုပ်ဝတ္ထုပစ္စည်းများ ပေးဝေခြင်း၊ စိတ်အားငယ်နေသူကို အားပေးစကားပြောကြားခြင်းတို့သည် ပေးကမ်းမျှဝေမှု လူမှုကျင့်ဝတ်ကို ကျင့်ဆောင်နိုင်ခြင်း ဖြစ်ပေသည်။

နိုင်ငံသားတိုင်းသည် အခွင့်အရေးတန်းတူညီမျှရရှိစေရန်နှင့် တရားမျှတလွတ်လပ်စွာ နေထိုင်နိုင်ရန် လိုလားကြသည်။ သို့သော် ကိုယ်ပိုင်အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားကို မထိခိုက်စေသင့်ပေ။ မိမိကဲ့သို့ပင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို လေးစားတန်ဖိုးထားရပေမည်။ တရားမျှတခြင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း၊ အများပြည်သူ အေးချမ်းသာယာ၍ အကျိုးစီးပွားဖြစ်ထွန်းစေခြင်းတို့သည် ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် ရှိအပ်သော အခွင့်အရေးနှင့်တာဝန်များ ဖြစ်သည်။

### ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ

နိုင်ငံသားတစ်ယောက်ဖြစ်လာလျှင် ချမှတ်ထားသော စည်းကမ်းများနှင့် ဥပဒေများကို လေးစားလိုက်နာရမည်။ အမှန်စင်စစ် စည်းကမ်းတကျ နေထိုင်ပြုမူတတ်သော အလေ့အကျင့်ကောင်းများသည် ငယ်စဉ်ဘဝ မိသားစုနှင့် ကျောင်းပတ်ဝန်းကျင်တို့က စတင်ခဲ့သည်။ ငယ်စဉ်ကတည်းက စည်းကမ်းနှင့် ဥပဒေကို လေးစားလိုက်နာတတ်မှသာ အနာဂတ်တွင် အေးချမ်းလုံခြုံမှုနှင့် တရားမျှတဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ပုံဖော်ပေးနိုင်သူဖြစ်ပါမည်။ နိုင်ငံရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ လူတစ်ဦးချင်းစီ၏ အခြေခံအခွင့်အရေးများ၊ လွတ်လပ်ခွင့်များနှင့် ကောင်းမွန်သည့်စီးပွားရေး၊ လူမှုရေးစနစ်များအတွက် အခိုင်အမာ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာမှသာ နိုင်ငံသားကောင်းပီသပေလိမ့်မည်။ နိုင်ငံသားတိုင်းလိုက်နာရမည့် ဥပဒေတွင် အခွန်ပေးဆောင်ခြင်းလည်း တစ်ခုပါဝင်သည်။ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက်လည်းကောင်း၊ နိုင်ငံတော်အတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်ရန်အတွက်လည်းကောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း၊ လိုအပ်သော ဘဏ္ဍာငွေကို ဖြည့်တင်းနိုင်ရန်အတွက်လည်းကောင်း အခွန်ငွေကြေးကို ကောက်ခံရသည်။ ထို့ကြောင့် နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း အခွန်ပေးဆောင်ရန် ကိစ္စနှင့်ပတ်သက်၍ "ကမ္ဘာပေါ်တွင် မည်သည့်အစိုးရမျှ ငွေမရှိဘဲ တိုင်းပြည်နိုင်ငံအုပ်ချုပ်ရေးတာဝန်ကို ဆောင်ရွက်မသွားနိုင်ချေ။ ထို့ကြောင့် ကိုယ့်အစိုးရအား ကျသင့်သော အခွန်ဘဏ္ဍာများကို ကြည်သာပျူငှာစွာ ပေးဆောင်ခြင်းသည်ပင် လွတ်လပ်သော လူမျိုးအဖြစ်ကို ထင်ရှားစေသော မှတ်ကျောက်ဖြစ်ပေသည်။ အခွန်ဘဏ္ဍာကို တိုင်းသူပြည်သားတို့က မပေးဘဲ ငြင်းဆန်ခြင်းသည် တိုင်းပြည်နိုင်ငံ၏ စီးပွားရေးကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဖြိုခွဲဖျက်ဆီးခြင်းပင်ဖြစ်၍ ဤသို့ နိုင်ငံ့စီးပွားရေးကြီး ပြိုကွဲသွားပါက နောက်ဆုံး၌ အများဆုံးအနစ်နာခံရမည့်သူတို့မှာ တိုင်းသူပြည်သား လူထုပင်ဖြစ်သည်"ဟူ၍ မိန့်မြွက်ခဲ့သည်။

### လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးအတွက် အခြေခံလိုအပ်ချက်များ

လူတစ်ဦးနှင့်တစ်ဦး အတွေးအခေါ်နှင့် အယူအဆ မတူညီနိုင်ပေ။ ထို့အတူ ပြုမူပြောဆိုမှုများလည်း မတူညီနိုင်ပေ။ သို့သော် အဆိုပါ မတူကွဲပြားမှုများကို နားလည်လက်ခံပြီး လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တတ်ရန်လိုသည်။ ၎င်းသည် လူသားတိုင်းအတွက် အရေးကြီးသော တာဝန်တစ်ရပ်ပင်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် တန်းတူညီမျှမှုနှင့် သဟဇာတဖြစ်မှုအပေါ်တွင် မူတည်သည်။ သို့သော် ငြိမ်းချမ်းရေးတည်မြဲရန် တစ်ရက်၊ တစ်လ၊ တစ်နှစ်တာမျှနှင့် မပြီးမြောက်နိုင်။ ကာလကြာရှည်စွာ အချိန်ယူဆောင်ရွက်ကြရခြင်း ဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦး၊ အစုအဖွဲ့တစ်ဖွဲ့နှင့် တစ်ဖွဲ့ ညှိနှိုင်းဆောင်ရွက်ခြင်း၊ အပြန်အလှန် လေးစားမှုနှင့် စာနာနားလည်မှုရှိခြင်းတို့ဖြင့် သဟဇာတဖြစ်စေခြင်းပင်ဖြစ်သည်။ လူ့အဖွဲ့အစည်းက လက်ခံယုံကြည်ထားသော ကျင့်ဝတ်များကို ကျင့်သုံးခြင်း၊ မိမိနှင့် အခြားသူများ၏ အခွင့်အရေးကို လေးစားခြင်း၊ မိမိကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊ နိုင်ငံတော်က ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို လေးစားလိုက်နာခြင်းတို့သည် လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည်။ နိုင်ငံ့ခေါင်းဆောင်များက နိုင်ငံတော်ငြိမ်းချမ်းသာယာဝပြောအောင် ဆောင်ရွက်မှုများကို နိုင်ငံသားတိုင်းက တာဝန်သိသိဖြင့် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ခြင်းဖြင့် မလိုလားအပ်သော ဆိုးကျိုးများ ကင်းဝေးကာ တည်ငြိမ်အေးချမ်း၍ သာယာဝပြောသော လူ့ဘောင်ကို တည်ဆောက်နိုင်မည်ဖြစ်ပေသည်။ ။

**ကိုးကား**


- ပြည်သူ့နီတိ (အထက်တန်း)။
- ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် သုံးသပ်ချက်များ (၂၀၁၆)။
- ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ လက်တွေ့အသုံးချ အချက်အလက်များ (၂၀၁၁)။

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “The 5th International Conference on Advanced Information Technologies(ICAIT 2024)”ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ကျရောက်သည့် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်က ကြီးမှူးကျင်းပသည့် "The 5th International Conference on Advanced Information Technologies (ICAIT 2024)" ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park(Conference Hall)၌ ကျင်းပသည်။

**အခွင့်အရေးကောင်းတစ်ခုဖြစ်**

အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက အွန်လိုင်းမှတစ်ဆင့် တက်ရောက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ သင်ကြားရေးနှင့် သုတေသနဆောင်ရွက်နေမှုများ၏ အရေးပါသော အခန်းကဏ္ဍများအကြောင်းနှင့် ယနေ့ကျင်းပသော ညီလာခံသည် နည်းပညာအသစ်များ၊ အတွေးအခေါ် အသိပညာများမျှဝေဖလှယ်မှုပြုနိုင်သည့် အခွင့်အရေးကောင်းတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် အိန္ဒိယသမ္မတနိုင်ငံ Vellore Institute of Technology (VIT)တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်မည်ဖြစ်သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယနေ့ ကျင်းပသည့် ICAIT 2024 ညီလာခံတွင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အနေဖြင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်(UIT) နှင့် အိန္ဒိယသမ္မတနိုင်ငံ Vellore Institute of Technology(VIT) တို့အကြား နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါပူးပေါင်းဆောင်ရွက်မှုသည် တက္ကသိုလ်နှစ်ခုကြား ပညာရေးဖလှယ်မှု၊ သုတေသနပူးပေါင်းဆောင်ရွက်မှုနှင့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ ဖလှယ်မှုမြှင့်တင်ရန် ရည်ရွယ်ကြောင်း သိရသည်။



"The 5th International Conference on Advanced Information Technologies(ICAIT 2024)" ညီလာခံသို့ ဂျပန်နိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ ပါမောက္ခများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းများနှင့် အင်ဂျင်နီယာအသင်းများမှ တာဝန်ရှိသူများ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် နည်းပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ သုတေသီများနှင့် စာတမ်းဖတ်ကြားသူများ တက်ရောက်ခဲ့ကြပြီး ညီလာခံဖြစ်မြောက်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် IT ကုမ္ပဏီများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် သွားရောက်အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

**ရန်ကုန် နိုဝင်ဘာ ၇**

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးသည် သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် သွားရောက်အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မမေသကြီန်အောင်အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံး အနေဖြင့် အလုပ်ရှင်၊ အေးဂျင့်များ၊ အလုပ်အကိုင်ရှာဖွေရေးစင်တာများနှင့် ညှိနှိုင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မမေသကြီန်အောင်သည် နိုဝင်ဘာ ၆ ရက်တွင် ဒူဘိုင်း – ချန်ဒူး – ဗန်ကောက် –




ရန်ကုန်ခရီးစဉ်ဖြင့် ယနေ့ည ၉ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် နိုဝင်ဘာ ၇**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ စာပဒေသာ၊ ပထမဆုရ “နေဇင်(ပေါက်ခေါင်း)” ရေးသားသည့် “မြောက်ပိုင်းဒေသ ဘဝမှတ်တမ်း” စာအုပ်ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/ ၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၀၁–၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဂန့်ဂေါမြို့နယ်ရှိ ကျေးရွာစာကြည့်တိုက်သို့ စာအုပ်လှူဒါန်း

**ဂန့်ဂေါ နိုဝင်ဘာ ၇**

ဂန့်ဂေါမြို့နယ် ရှုံးရှီရွာနေ ဦးတင်ထွန်းနှင့် ဇနီး ဒေါ်စမ်းစမ်းတို့က ယနေ့နံနက် ၁၀ နာရီတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး အလင်းရောင် စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းသည်။

လှူဒါန်းပွဲတွင် စာအုပ်အလှူရှင်များက အလင်းရောင်စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးကိုလတ်ထံ စာအုပ် ၁၀၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လှူဒါန်းပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရန်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီ နာယကများဖြစ်ကြသော ဦးမျိုးချစ်ညို၊ ဦးရာခန့်၊ ဦးမြို့အောင်နှင့် ဦးသောင်းပိုင်တို့ တက်ရောက်ကြကြောင်း သိရသည်။

**စိန်ကျော်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၃၀ | ၃၁၁၅ | ၃၀၉၀ | ၃၀၄၀ | ၃၁၁၅ | ၃၁၂၅ | ၃၁၄၀ | ၃၀၉၅ | ၄၅၄၀ | ၃၂၅၀ | ၃၀၀၀ | ၃၁၂၀ | ၃၁၅၀ | ၃၁၄၀ | ၃၁၅၀ | ၃၅၅၅ | ၄၀၅၀ |
| 95 Ron | ၃၂၁၀ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၀ | ၃၂၉၅ | ၃၃၀၅ | ၃၃၂၀ | ၃၂၇၅ | ၄၅၉၅ | ၃၄၃၀ | ၃၂၈၀ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၄၂၀၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၅ | ၂၇၈၅ | ၂၈၀၀ | ၂၇၅၅ | - | ၂၉၁၀ | ၂၇၆၀ | ၂၇၇၅ | ၂၈၁၀ | ၂၇၉၅ | ၂၈၁၀ | ၃၂၁၅ | ၄၀၅၀ |
| HSD (50 ppm) | ၃၃၄၅ | ၃၄၂၅ | ၃၄၀၀ | ၃၃၅၅ | ၃၄၃၀ | ၃၄၄၀ | ၃၄၅၅ | ၃၄၀၅ | ၄၈၆၅ | ၃၅၆၅ | ၃၄၁၅ | ၃၄၃၀ | ၃၄၆၅ | ၃၄၅၀ | ၃၄၆၅ | ၃၈၆၅ | - |
| HSD (10 ppm) | ၃၃၄၅ | ၃၄၂၅ | ၃၄၀၀ | ၃၃၅၅ | ၃၄၃၀ | ၃၄၄၀ | ၃၄၅၅ | ၃၄၀၅ | - | ၃၅၆၅ | ၃၄၁၅ | ၃၄၃၀ | ၃၄၆၅ | ၃၄၅၀ | ၃၄၆၅ | ၃၈၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၅ | ၂၉၆၆ |
| 95 Ron | ၃၀၄၉ | ၃၁၄၄ |
| HSD (500 ppm) | ၂၅၄၄ | ၂၆၂၄ |
| HSD (50 ppm) | ၃၁၇၈ | ၃၂၇၁ |
| HSD (10 ppm) | ၃၁၇၈ | ၃၂၇၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# စာပေမြင့်မှ လူမျိုးတင့်မည်

# ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့

အလင်းရောင် (ထွန်း)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ရသင့်ရထိုက်သော အကောက်ခွန်နှင့် အခွန်အခများ ဆုံးရှုံးမှုမရှိစေရေး၊ ပြည်တွင်း တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်မှု၊ ကုန်ရောင်းကုန်ဝယ် ကုန်သွယ်မှုလုပ်ငန်းများကို လုပ်ကိုင်ရာတွင် လွတ်လပ်စွာ ယှဉ်ပြိုင်လုပ်ကိုင်နိုင်စေရေးနှင့် စားသုံးသူပြည်သူများအတွက် အာမခံချက်ရှိသော လုံခြုံဘေးကင်း စိတ်ချရသည့် ကုန်ပစ္စည်းများကို သုံးစွဲခွင့်ရရှိနိုင်ရန်တို့အတွက် တရားမဝင်ကုန်သွယ်မှုများ လုံးဝပပျောက်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါသည်။**



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

**တရားမဝင်ကုန်သွယ်မှုဆိုသည်မှာ**

World Trade Organization (WTO) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးက တရားမဝင်ကုန်သွယ်မှုကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် “**နိုင်ငံတကာ ဥပဒေများအရ သတ်မှတ်ထားသည့် တရားမဝင်ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံရရှိခြင်း၊ လက်ဝယ်ထားရှိခြင်း (သို့မဟုတ်) ဖြန့်ဖြူးခြင်းနှင့် အဆိုပါဆောင်ရွက်ချက်များကို အားပေးရန် ရည်ရွယ်သည့် မည်သည့်လုပ်ဆောင်မှုကိုမဆို တရားမဝင်ကုန်သွယ်မှု**”ဟု ဖွင့်ဆိုထားပါသည်။

ကမ္ဘာ့နိုင်ငံများရှိ အစိုးရများအနေဖြင့်လည်း မက်ခရို စီးပွားရေးတည်ငြိမ်မှုကို ခြိမ်းခြောက်လာသည့် တရားမဝင်ကုန်သွယ်မှုများကို လုံးဝပပျောက်အောင် တိုက်ဖျက်နိုင်ရန် နည်းလမ်းမျိုးစုံဖြင့် အထူးအာရုံစိုက်ဆောင်ရွက်လာကြသည်ကို လေ့လာတွေ့ရှိရပါသည်။ မည်သည့်နိုင်ငံတွင်မဆို နိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူပြည်သူတို့က အဓိကနေရာမှ ပါဝင်လျက်ရှိပါသည်။

**တရားမဝင်ကုန်သွယ်မှုများကို စနစ်တကျ တားဆီးအရေးယူဆောင်ရွက်**

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းလိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ရာတွင် နိုင်ငံအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSMEs) လုပ်ငန်းများနှင့် စက်မှုဇုန်များက သွင်းကုန်အစားထိုးထုတ်ကုန်များ ပိုမိုထုတ်လုပ်ရန်၊ နိုင်ငံ့ဝင်ငွေနှင့် သုံးစွဲငွေမျှတရန်အတွက် ပို့ကုန်တင်ပို့မှု ပိုမိုအားကောင်းလာစေရန်နှင့် ကုန်ကြမ်းပစ္စည်းများတင်ပို့ခြင်းထက် စက်မှုထွက်ကုန် တစ်နည်းအားဖြင့် Supply Chain မှ Value Added ကုန်ချောပစ္စည်းများ (တန်ဖိုးမြှင့်ထုတ်ကုန်များ) တင်ပို့ခြင်းဖြင့် နိုင်ငံ့ဝင်ငွေ ပိုမိုတိုးတက်ရရှိရေး ဆောင်ရွက်လျက်ရှိပါသည်။

ဖွံ့ဖြိုးပြီး ပြည်ပနိုင်ငံများတွင် စက်မှုထုတ်ကုန်ချောပစ္စည်းများကို ဈေးကွက်လိုအပ်ချက်နှင့်အညီ အမြောက်အမြား ထုတ်လုပ်သည့်အတွက် ပစ္စည်းတစ်ခုချင်း၏ ကုန်ကျမှုတန်ဖိုးအနေဖြင့် ပိုမိုသက်သာမှုရှိသည်ကို တွေ့ရှိရပြီး မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းထုတ် ကုန်ချောပစ္စည်းများထုတ်လုပ်ရာတွင် အရည်အသွေးမြင့် ထုတ်လုပ်နိုင်မှု အားနည်းချက်၊ အရေအတွက် အမြောက်အမြားထုတ်လုပ်နိုင်မှု ကန့်သတ်ချက်များ ရှိခဲ့ပါက ပစ္စည်းတစ်ခုချင်း၏ ကုန်ကျစရိတ်တန်ဖိုးအနေဖြင့် ဈေးနှုန်းကြီးမြင့်ပြီး ပြည်ပမှ တရားမဝင်တင်သွင်းလာမှုများကို ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ စက်မှုဇုန်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSMEs) လုပ်ငန်းများ၏ ကုန်ထုတ်လုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများ ရှိလာနိုင်ပေသည်။

ထို့ကြောင့် ပြည်တွင်းထုတ် ကုန်ချောပစ္စည်းများကို ပြည်တွင်းသုံးအတွက်သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် အရည်အသွေးတိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပမှ တရားမဝင်ကုန်ချောပစ္စည်းများ တင်သွင်းလာမှုကိုလည်း စနစ်တကျ တားဆီးစစ်ဆေးအရေးယူ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

> **“ကမ္ဘာ့နိုင်ငံများရှိ အစိုးရများအနေဖြင့်လည်း မက်ခရိုစီးပွားရေးတည်ငြိမ်မှုကို ခြိမ်းခြောက်လာသည့် တရားမဝင်ကုန်သွယ်မှုများကို လုံးဝပပျောက်အောင် တိုက်ဖျက်နိုင်ရန် နည်းလမ်းမျိုးစုံဖြင့် အထူးအာရုံစိုက်ဆောင်ရွက်လာကြသည်ကို လေ့လာတွေ့ရှိရပါသည်။ မည်သည့်နိုင်ငံတွင်မဆို နိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူပြည်သူတို့က အဓိကနေရာမှ ပါဝင်လျက်ရှိ”**

**အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်**

**တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံအတွက်ရရှိမည့် အခွန်အခများ ဆုံးရှုံးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ စာရင်းဇယားကိန်းဂဏန်း အချက်အလက်များ မှားယွင်းနိုင်ပြီး ဆုံးဖြတ်ချက်များ မှားယွင်းနိုင်ခြင်း၊ နိုင်ငံတော်ဘဏ်စနစ်နှင့် ငွေကြေးစီးဆင်းမှုစနစ် ထိခိုက်စေနိုင်ပြီး နိုင်ငံခြားငွေကြေးဈေးနှုန်း မတည်ငြိမ်မှုဖြစ်ပေါ်နိုင်ခြင်း၊** တရားမဝင် တင်သွင်းလာသည့် ကုန်စည်များကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်မှုများ ဈေးကွက်ယှဉ်ပြိုင်နိုင်မှု ကျဆင်းလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျော့နည်းကျဆင်းစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနိုင်ခြင်း၊ တရားမဝင် တင်သွင်းလာသည့် ဆေးနှင့်ဆေးပစ္စည်းများ၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများတွင် အတုအပများ၊ သက်တမ်းလွန် ကုန်စည်များကြောင့် သုံးစွဲသူပြည်သူများ ထိခိုက်နစ်နာမှု ဖြစ်ပေါ်နိုင်ခြင်း စသည့် ဆိုးကျိုးများအပြင် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုတို့ကို ထိခိုက်ကျဆင်းမှုများ ဖြစ်ပေါ်စေခြင်းကြောင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် မိမိတို့အားလုံးက “အမျိုးသားရေးတာဝန်” တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် အကောက်ခွန်ဦးစီးဌာနတို့အနေဖြင့်လည်း တရားမဝင်ကုန်သွယ်မှုများကို ချမှတ်ထားသော မဟာဗျူဟာ၊ နည်းဗျူဟာများနှင့်အညီ ထိရောက်စွာ တားဆီးစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

**သတင်းအချက်အလက်ရယူရေး၏ အရေးကြီးသော အခန်းကဏ္ဍ**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရာတွင် သတင်းအချက်အလက်ရရှိရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ သာဓကများအနေဖြင့် သတင်းပေးတိုင်ကြားချက်အရ တိုင်းဒေသကြီး၊ ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များက သဘာဝသယံဇာတများ တရားမဝင်တူးဖော်၍ သယ်ယူပို့ဆောင်ရောင်းဝယ်မှုများကို ဖမ်းဆီးအရေးယူနိုင်ခဲ့ခြင်း၊ သတင်းပေးတိုင်ကြားချက်အရ အကောက်ခွန်ဦးစီးဌာနက ပြည်ပနိုင်ငံမှ ဝင်ရောက်လာသော လေယာဉ်တွင် လိုက်ပါလာသည့် ခရီးသည်များကို စောင့်ကြည့်စိစစ်ရှာဖွေခဲ့ရာ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ၊ အဖိုးတန်လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်။

ဤကဲ့သို့ သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည့်အတွက် နိုင်ငံတော်က တာဝန်သိသတင်းပေးသူများကို ထိုက်သင့်သော ဆုကြေးငွေများ မြန်မြန်ဆန်ဆန် ချီးမြှင့်ပေးခဲ့ပြီး သတင်းကွန်ရက်တည်ဆောက်ထားရန်နှင့် ရရှိလာသည့် သတင်းများကို အကျိုးရှိစွာအသုံးချ တားဆီးစစ်ဆေးအရေးယူကြရန် ဖြစ်ပါသည်။

ပြည်တွင်းရှိ သက်ဆိုင်ရာဌာနဆိုင်ရာအချင်းချင်း သတင်းဖလှယ်ပြီး ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းများသာမက အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ (INTERPOL)ကဲ့သို့သော ပြည်ပရှိ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် တရားမဝင်ဆေးဝါးများ၊ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများ ပိုမိုလုပ်ဆောင်နိုင်ခဲ့ပါသည်။

တရားမဝင်ကုန်သွယ်မှုလျော့နည်းပပျောက်စေရေးအတွက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို တာဝန်ရှိသက်ဆိုင်ရာဌာနအဖွဲ့အစည်းများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြသကဲ့သို့ တာဝန်သိအများပြည်သူများအနေဖြင့်လည်း မိမိတို့ရရှိသော သတင်းအချက်အလက်များကို သက်ဆိုင်ရာသို့ သတင်းပေးတိုင်ကြားခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ အောင်ဇေရန်အောင် တပ်ဦးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၃ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီးချိုရောဂါနှင့် ယှဉ်တွဲနေထိုင်ခြင်း

အောင်မင်း(ကျန်းမာရေးပညာ)

အသက် ၃၉ နှစ်အရွယ်၊ ၂၅-၂-၂၀၀၅ ရက်နေ့က ဆီးချိုရောဂါစတင်ခံစားနေရမှန်းသိခဲ့သူ ကျွန်တော် ဆီးချိုရောဂါဝေဒနာသည်အဖြစ် ရှင်သန်နေထိုင်ခဲ့သည်မှာ ဆီးချိုရောဂါသက် ၁၉ နှစ်ကျော်ခဲ့ပြီ ဖြစ်ပါသည်။ နောက်ဆက်တွဲရောဂါလက္ခဏာများ မခံစားရသေးသည့် ကျွန်တော့်ကို မိတ်ဆွေအပေါင်းအသင်းရောင်းရင်းများက ဆီးချိုသမားမှန်း မသိရဘူးဟု ပြောကြသလို တချို့သော မိတ်ဆွေဆရာဝန်များကလည်း ဆရာ့ရုပ်က ဆီးချိုသမားမှန်း သိသာတယ်နော်ဟု မှတ်ချက်ပြုသူလည်းရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ မိမိ၏ လုပ်ငန်းတာဝန်များကို အတိုင်းအတာတစ်ခုအထိ စွမ်းဆောင်နိုင်သေးသဖြင့် ဆီးချိုရောဂါနှင့်အတူ ကျန်းမာစွာ ယှဉ်တွဲနေထိုင်နိုင်ခဲ့ခြင်းအခြေအနေကို ဖောက်သည်ချတင်ပြလိုပါသည်။




**ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ခြင်း**

**(Regular proper exercises)**

ရောဂါဝေဒနာမခံစားရသေးခင်က ကိုယ်လက်လှုပ်ရှားမှုများကို ပုံမှန်ပြုလုပ်လေ့မရှိခဲ့သော်လည်း ရောဂါရှိမှန်းသိသည့်အချိန်မှစ၍ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို မှန်မှန်ပြုလုပ်ခဲ့ပါသည်။ နေ့စဉ်တစ်ရက်လျှင် နာရီဝက်ခန့်၊ သီတင်းတစ်ပတ်လျှင် ငါးရက်ခန့် ချွေးစို့သည်အထိ၊ အနည်းငယ်မောပန်းသည်အထိ ခပ်သွက်သွက် လမ်းလျှောက်ခဲ့ပါသည်။ အိမ်ကိစ္စ၊ ရုံးကိစ္စများကို လှုပ်ရှားတက်ကြွပုံစံဖြင့် နေထိုင်သွားလာခြင်း၊ အနည်းငယ်ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများကို ၁၅ မိနစ်ခန့် (ဥပမာ- ပေါက်ပြားဖြင့် စိုက်ပျိုးမြေပြင်ခြင်း၊ အမှိုက်ရှင်းခြင်း) တစ်ပတ်လျှင် နှစ်ရက်ခန့် ပြုလုပ်ပါသည်။ တိုက်ခန်း၏ သုံးထပ်မြောက်တွင် နေထိုင်သူဖြစ်သဖြင့် တစ်ရက်လျှင် လေး-ငါးကြိမ် တိုက်ခန်း အဆင်း/အတက်ပြုလုပ်ခြင်းများ လုပ်ဆောင်ပါသည်။ **ဆီးချိုသွေးချိုရောဂါရှိသူတိုင်း ကိုယ်လက်လှုပ်ရှားမှုကို ကုထုံးတစ်ခုအနေဖြင့် ပုံမှန်ဆောင်ရွက်သင့်ပါသည်။**

**သင့်တင့်မျှတစွာ စားသောက်ခြင်း (Balance Diet)**

အစားအသောက်စားသောက်မှုပုံစံအနေဖြင့် မြန်မာပီပီ မြန်မာထမင်းဟင်းကိုသာ မိမိတို့မိသားစု သို့မဟုတ် မိမိကိုယ်တိုင် ချက်ပြုတ်ပြင်ဆင်သော ထမင်းကိုသာ ဖြစ်နိုင်သမျှ စားသုံးပါသည်။ ထမင်းကို အတိုင်းအတာဖြင့် စားသုံးပြီး ဟင်းကိုဆီပြန်ဟင်းမချက်ဘဲ ဆီလည်ရေလည်ဟင်း၊ ဟင်းသီးဟင်းရွက်ပြုတ် နှစ်မျိုး၊ သုံးမျိုး များများစားသုံးပါသည်။ ထို့အပြင် မချိုလွန်းသောသစ်သီးများကို မိမိငွေကြေးတတ်နိုင်သည့်အပေါ်မူတည်၍ နေ့စဉ် နှစ်မျိုး၊ သုံးမျိုး စားသုံးခဲ့ပြီး ဆေးလိပ်ကိုမူ ဝေးဝေးကရှောင်ပါသည်။ **ဆရာဝန်များ၏ ဆီးချိုသမားများအတွက် အစားအသောက်လမ်းညွှန်အတိုင်း ကြိုးစားစားသောက်ပါသည်။**



**စနစ်တကျ ဆေးကုသမှုခံယူခြင်း (Proper Treatment)**

ဆီးချိုရောဂါရှိမှန်းသိသည့်အချိန်မှစ၍ ဆရာဝန်နှင့်ပြသကာ စနစ်တကျ ဆေးကုသမှုခံယူခဲ့ပါသည်။ ဆရာဝန်ညွှန်ကြားသည့်အတိုင်း ဆေးကို စနစ်တကျသောက်သုံးသကဲ့သို့ ဆီးချိုစစ်သင့်သည့်အချိန်များတွင် မိမိအိမ်တွင် ကိုယ်တိုင်စစ်၍ ဆီးချိုအတက်အကျကို မှတ်တမ်းတင်ထားရှိပါသည်။ လိုအပ်သည့်အခါတိုင်း ဆရာဝန်ညွှန်ကြားသော HB A1C၊ Lipid profile စသည်တို့ကို စစ်ဆေးပြီး ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း ဆေးသောက်သုံးပါသည်။

ဤနေရာတွင် သတိထားရမည့်အချက်မှာ ကျွန်တော်တို့မြန်မာလူမျိုးများသည် အချင်းချင်းရိုင်းပင်းကူညီတတ်သောစိတ်ဓာတ်ဖြင့် ဘယ်သူကဖြင့် ဘယ်ဆေးနဲ့ပျောက်သွားတာ၊ အဲဒီဆေး သောက်ကြည့်ပါလား၊ ဒီအရွက်က ဆီးချိုအတွက်ကောင်းတယ်၊ ထမင်းစားတဲ့အခါ သုံးရွက်တို့စားပါ စသည်ဖြင့် ဆေးမြီးတိုများကို စေတနာဖြင့် လမ်းညွှန်ကြခြင်းဖြစ်သည်။ ဆေးမြီးတိုများအပေါ် မယုံကြည်ခြင်းမဟုတ်ဘဲ ဆီးချိုရောဂါကို ကုသသည့်အခါ လူနာ၏ အသက်အရွယ်၊ ကျား/မ၊ အလုပ်အကိုင်ပေါ်မူတည်၍ ဆေးအမျိုးအစားများကို အချိန်အဆဖြင့် (dose မှန်ကန်စွာ) သောက်သုံးရန် လိုအပ်ပါသည်။

ဆီးချိုရောဂါသည် သွေးတွင်းအချိုဓာတ်များလွန်း၍ ကိုယ်ခန္ဓာအစိတ်အပိုင်းများ တဖြည်းဖြည်းချင်း ထိခိုက်ခြင်းမရှိစေရန် ပုံမှန်ဂရုစိုက်ရမည်ဖြစ်သကဲ့သို့ ဆေးသောက်များပြီး အချိုဓာတ်လုံလောက်စွာမရသဖြင့် ရုတ်တရက် ဆီးချိုကျခြင်းကိုလည်း အထူးဂရုစိုက်ရမည်ဖြစ်ပါသည်။

**အိပ်ရေးဝဝအိပ်ခြင်း**

လူတစ်ယောက်အနေဖြင့် ပုံမှန်အိပ်ရေးဝအောင် မအိပ်စက်ပါက အထွေထွေကျန်းမာရေးကို ထိခိုက်စေသကဲ့သို့ ဆီးချိုဝေဒနာသည်များအနေဖြင့် ဆီးချိုရောဂါထိန်းသိမ်းရာတွင် အခက်အခဲတွေ့တတ်ပါသည်။ "စောစောအိပ်ထ၊ ပြုကျင့်က ကင်းပဘေးရောဂါ" ဆိုသည့်အတိုင်း အချိန်မှန် စောစီးစွာ ည ၁၁ နာရီထက်နောက်မကျဘဲ အိပ်ပြီး အနည်းဆုံးအိပ်ချိန် တစ်ရက် ခုနစ်နာရီခန့်ရှိအောင် အိပ်ပါသည်။ ဘောလုံးပွဲနှစ်သက်သော ကျွန်တော့်အနေဖြင့် အစောပိုင်းပွဲများကိုသာ ကြည့်ရှုပြီး အိပ်ရေးမပျက်အောင် မိမိကျန်းမာရေးကို ဂရုစိုက်ရပါသည်။

**စိတ်ဖိစီးမှုနည်းပါးအောင် လုပ်ဆောင်ခြင်း**

"လူတစ်စု ပူမှုရယ်တဲ့ဆယ်ကုဋေ" ဆိုသည့်အတိုင်း လူတိုင်း လူတိုင်းစိတ်သောကများ၊ အဆင်မပြေမှုများ၊ စိတ်ဖိစီးမှုများရှိနိုင်ပါသည်။ စိတ်ဖိစီးမှုလျှော့ချနိုင်ရေးအတွက် ယောဂကျင့်ခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ မိမိဝါသနာပါရာ အန္တရာယ်ကင်းသည့် အလုပ်များကို အများသူငါ မထိခိုက်စေဘဲ လုပ်ဆောင်ခြင်း၊ အလုပ်အကြွေး၊ ငွေကြေး အကြွေးများကင်းအောင် ကြိုးစားဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခြင်းဖြင့် စိတ်ဖိစီးမှုနည်းပါးပြီး ဆီးချိုကို ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေပါသည်။

ဆီးချိုရောဂါကို အမြစ်ပြတ်အောင် ကုသ၍မရပါ။ ဆရာဝန်နှင့်ပြသ၍ သွေးချိုမှန်မှန် စစ်ဆေးရန် လိုအပ်ပါသည်။ စနစ်တကျ နေထိုင်စားသောက်ပြီး ကျွမ်းကျင်သူများနှင့် စစ်ဆေးမှုခံယူပါက သက်တမ်းစေ့နေထိုင်နိုင်ပါသည်။ ဆီးချိုရောဂါခံစားနေရသူ လူတစ်ဦးတစ်ယောက်တိုင်းမှ အသိ၊ သတိဖြင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ခြင်း၊ သင့်တင့်မျှတစွာ စားသောက်ခြင်း၊ စနစ်တကျဆေးကုသမှုခံယူခြင်း၊ အိပ်ရေးဝဝအိပ်ခြင်း၊ စိတ်ဖိစီးမှုနည်းပါးအောင်ဆောင်ရွက်ခြင်းကဲ့သို့သော ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်မှုပုံစံများကို နေ့စဉ်မပြတ် အစဉ်တစိုက် ကျင့်သုံးနေထိုင်ခြင်းဖြင့် မိမိကိုယ်တိုင် ကျန်းမာအသက်ရှည်မည်ဖြစ်သကဲ့သို့ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်ခြင်းဖြင့် မြန်မာပြည်သူတစ်ရပ်လုံး၏ ကျန်းမာသောမျှော်မှန်းသက်တမ်းလည်း မြင့်မားလာလိမ့်မည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ॥

ရည်ညွှန်းကိုးကား - ကျန်းမာရေးဝန်ကြီးဌာန၏ လူတိုင်း၊ အိမ်တိုင်း ဆောင်ထား ကျန်းမာရေးအသိပညာများစာအုပ် (၂၀၂၄)ခုနှစ်

- **ကျွန်တော်တို့မြန်မာလူမျိုးများသည် အချင်းချင်းရိုင်းပင်းကူညီတတ်သော စိတ်ဓာတ်ဖြင့် ဘယ်သူကဖြင့် ဘယ်ဆေးနဲ့ပျောက်သွားတာ၊ အဲဒီဆေးသောက်ကြည့်ပါလား၊ ဒီအရွက်က ဆီးချိုအတွက်ကောင်းတယ်၊ ထမင်းစားတဲ့အခါ သုံးရွက်တို့စားပါ စသည်ဖြင့် ဆေးမြီးတိုများကို စေတနာဖြင့် လမ်းညွှန်ကြခြင်းဖြစ်သည်။ ဆေးမြီးတိုများအပေါ် မယုံကြည်ခြင်းမဟုတ်ဘဲ ဆီးချိုရောဂါကို ကုသသည့်အခါ လူနာ၏ အသက်အရွယ်၊ ကျား/မ၊ အလုပ်အကိုင်ပေါ်မူတည်၍ ဆေးအမျိုးအစားများကို အချိန်အဆဖြင့် (dose မှန်ကန်စွာ) သောက်သုံးရန် လိုအပ်**
- **ဆီးချိုရောဂါသည် သွေးတွင်းအချိုဓာတ်များလွန်း၍ ကိုယ်ခန္ဓာအစိတ်အပိုင်းများ တဖြည်းဖြည်းချင်း ထိခိုက်ခြင်း မရှိစေရန် ပုံမှန်ဂရုစိုက်ရမည်ဖြစ်သကဲ့သို့ ဆေးသောက်များပြီး အချိုဓာတ်လုံလောက်စွာမရသဖြင့် ရုတ်တရက် ဆီးချိုကျခြင်းကိုလည်း အထူးဂရုစိုက်ရမည်**

# တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းများ

**တက္ကသိုလ်သျှင်ရတနာ**

## မွန်တိုင်းရင်းသားစကားထာ

ရှေးလွန်လေပြီးသောအခါက ရာမညတိုင်းရှိ ကျေးလက်တောရွာတစ်ရွာတွင် ဗညားနှင့် လဂွမ်းအိမ်တို့ သူငယ်ချင်းနှစ်ယောက်ရှိသည်။ သူတို့နှစ်ယောက်သည် သီလ၊ သမာဓိနှင့် ပြည့်စုံသော ရွာဦးကျောင်းဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစားအဖြစ် ဘုန်းကြီးကျောင်းသားလုပ်ကာ ပညာသင်ကြားလျက်ရှိသည်။ ပညာသင်ဘုန်းကြီးကျောင်းသားများစွာရှိသည့်အနက် စာကြိုးစားသူ၊ စည်းကမ်းလိုက်နာသူ၊ လိမ္မာယဉ်ကျေးသူနှစ်ဦးလည်းဖြစ်သည်။

ဆရာတော်ကြီး၏ သွန်သင်ပြသပေးသော လောကီ၊ လောကုတ္တရာစာပေများကို အစဉ်တစိုက် ကြိုးစားသင်ယူ၊ လေ့လာကျက်မှတ်သူများဖြစ်သည်။

> ❖ **ဆရာတော်ကြီးသည် မွန်အမျိုးသားဆရာတော်ကြီးတစ်ပါးဖြစ်သဖြင့် မွန်စာပေ၊ မွန်သမိုင်းကြောင်း၊ မွန်ယဉ်ကျေးမှု၊ ဓလေ့ရိုးရာများ၊ မွန်တိုင်းရင်းသားရိုးရာ ပုံဝတ္ထုများ၊ ကဗျာလင်္ကာ၊ စကားထာမျိုးစုံ၊ မွန်တိုင်းရင်းသားစကားပုံနှင့် မွန်တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းတို့ကို သင်ကြားပြသရာတွင် အလွန်ထင်ရှား**
>
> ❖ **ဗညားနှင့် လဂွမ်းအိမ်တို့မှာ အားလပ်သည့်အချိန်များတွင် အချိန်ဖြုန်းဆော့ကစားမှုမပြုကြဘဲ အကျိုးရှိသော ကစားနည်းမျိုးဖြင့်သာ အချိန်ကိုကုန်ဆုံးစေသူများဖြစ်**

ဆရာတော်ကြီးသည် မွန်အမျိုးသားဆရာတော်ကြီးတစ်ပါးဖြစ်သဖြင့် မွန်စာပေ၊ မွန်သမိုင်းကြောင်း၊ မွန်ယဉ်ကျေးမှု၊ ဓလေ့ရိုးရာများ၊ မွန်တိုင်းရင်းသားရိုးရာ ပုံဝတ္ထုများ၊ ကဗျာလင်္ကာ၊ စကားထာမျိုးစုံ၊ မွန်တိုင်းရင်းသားစကားပုံနှင့် မွန်တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းတို့ကို သင်ကြားပြသရာတွင် အလွန်ထင်ရှားသည်။

ဗညားနှင့် လဂွမ်းအိမ်တို့မှာ အားလပ်သည့်အချိန်များတွင် အချိန်ဖြုန်းဆော့ကစားမှုမပြုကြဘဲ အကျိုးရှိသော ကစားနည်းမျိုးဖြင့်သာ အချိန်ကိုကုန်ဆုံးစေသူများဖြစ်သည်။

"ဗညားရေ၊ စကားထာဉာဏ်စမ်း မေးတမ်းကစားရအောင်ကွာ"

"ကောင်းတယ်လေ။ ကစားကြမယ်။ ဉာဏ်စမ်းမေးလေ ဖြေရတာပေါ့"

ဘုန်းကြီးကျောင်း၏တောင်ဘက် မန်ကျည်းပင်ကြီးအောက်ရှိ မြက်ခင်းစိမ်းစိမ်းပေါ်တွင် လဲလျောင်းကာ အနားယူနေကြရင်း နှစ်ဦးသား အပြန်အလှန်ပြောနေကြသည်။

"ဒါဆို မေးပြီကွာ။ ခွဲလိုက်ရင် သွေးထွက်တယ်တဲ့။ နမ်းမိရင်တော့ မွှေးတယ်။ စားလိုက်ရင်လည်း ချိုတယ်ပေါ့ကွာ။ အသီးတော့အသီးပဲတဲ့။ အဲဒါ ဘာအသီးဖြစ်မလဲ"

လဂွမ်းအိမ်က ဗညားကိုမေးလိုက်သည်။

"ဟင်– ဘာများပါလိမ့်၊ ဗညားရေ မင်းမေးတဲ့မေးခွန်း ရဲ့ အဖြေက 'ပိန္နဲသီး' လို့ဖြေလိုက်ရင် မှန်မှာပေါ့နော်။ ဟုတ်တယ် ဟုတ်"

"ဟုတ်ပါ့ကွာ။ မှန်ပါ့ကွာ။ ကဲ– ငါမေးရမယ့်အလှည့်ရောက်ပြီဆိုတော့ တွေ့ကြသေးတာပေါ့ကွာ။ မေးပြီနော်။ ပွဲထဲကို ဝင်လာတဲ့ငါးက ဘာငါးလဲကွာ။ မနေ့က ရွာတောင်ပိုင်းမှာ ဇာတ်ပွဲရှိတယ်ကြားတယ်"

ဗညားကလည်း အားကျမခံ ပြန်လည်မေးခွန်းထုတ်လိုက်သည်။

"ဟေ– ဟုတ်လား၊ ပွဲခင်းထဲကို ငါးဝင်လာတာလား၊ ဇာတ်ပွဲကို ငါးဝင်လာတာလား။ နှစ်မျိုးဖြစ်နေသလားလို့။ ပြန်ပြောပါဦး သူငယ်ချင်းရာ"

"ဗညားရာ မင်းကလည်းရှင်းရှင်းလေးကို ရှုပ်နေတယ်။ ပွဲထဲကို ဝင်လာတဲ့ငါးတဲ့၊ အဲဒါ ဘာငါးလဲလို့မေးတာ။ ကဲ– ရှင်းပြီလား"

"ဩော်– သိပြီ၊ သိပြီ ပွဲထဲကို ဝင်လာတဲ့ငါးက ဘာငါးလဲဆိုတော့ ငါးလေးကြော်များလား။ ငါးဖောင်ရိုးကြော်များဖြစ်မလား။ အာ– ဟုတ်ပြီ၊ ဟုတ်ပြီ။ အဖြေက 'ငါးပလွေ'ဆိုရင် မှန်ရောပေါ့၊ ဟုတ်တယ်မလားသူငယ်ချင်း"

လဂွမ်းအိမ်က ခေါင်းတစ်ချက်ညိတ်ပြီး မေးခွန်းဆက်မေးတော့သည်။

"ခြေလေးချောင်းရှိပေမယ့် ခါချဉ်မဟုတ်ဘူး၊ နှာခေါင်းရှိပေမယ့် ဆင်လည်းမဟုတ်ဘူး၊ မစင်ကို တူးပေမယ့် ဝက်လည်းမဟုတ်ဘူးနော်။ အဲဒါ ဘာကောင်လဲ။ ဖြေကြည့်ပါဦး ဗညားရာ"

"မင်းမေးတာကလည်း တယ်များလှပါတကား။ မနည်းမနောကို စဉ်းစားရတော့မှာပေါ့"

"ဟင်းဟင်း မဖြေနိုင်ရင်တော့ ပန်းပေးလိုက်ပါ။ အဖြေကတော့ ရှိပြီးသားနော် သူငယ်ချင်းရေ" လဂွမ်းအိမ်က ဗညားကို မခံချိမခံသာဖြစ်အောင် ခပ်ထေ့ထေ့လေးပြောလိုက်ခြင်းဖြစ်သည်။

"အေးပါကွာ၊ အေးပါ။ ခုတော့လည်း ကြိုးစားဖြေရမှာပေါ့ကွာ၊ မေးတာက ခြေလေးချောင်းရှိပေမယ့် ခါချဉ်မဟုတ်ဘူးတဲ့၊ နှာခေါင်းရှိပေမယ့် ဆင်လည်း မဟုတ်ပြန်ဘူးတဲ့။ မစင်ကိုတူးပေမယ့် ဝက်လည်း မဟုတ်ဘူးဆိုတော့ကာ...ဝူး... မလွယ်ပါလား၊ မေးခွန်းသတ်တယ်ဆိုတာ ဒါမျိုးလားလို့ ပြောရမလိုဘဲ"

ဗညားမှာ လှဲနေရာမှထထိုင်လိုက်ပြီး မန်ကျည်းပင်ကြီးကို မော့ကြည့်လိုက်သည်။ ပြီးတော့ လမ်းထလျှောက်ပြန်သည်။ ဘယ်ဘက်လျှောက်သွားလိုက် ညာဘက်လျှောက်သွားလိုက်ဖြင့် အတန်ကြာလျှောက်ပြီးမှ တစ်ချက်ပြုံးလိုက်သည်။

"အဖြေကောရပြီလား၊ အချိန်စေ့တော့မယ်နော် သူငယ်ချင်း"

"ရပါတယ်ကွာ၊ ခုပဲဖြေတော့မလို့ပါ။ မင်းမေးလိုက်တဲ့ ဉာဏ်စမ်းက မွန်တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းပါ၊ အဖြေကတော့ 'ကျွဲချေးပိုး'ပါတဲ့ဗျာ။ ဟုတ်ပါတယ်နော်။ ဟုတ်တယ် ဟုတ်"

လဂွမ်းအိမ်တစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားတော့၏။ အဖြေကား မှန်နေပေပြီ။ အဖြေရော မူရင်းစကားထာအရင်းအမြစ်ကိုပါ အပိုင်အနိုင် ဖြေကြားလိုက်နိုင်ခြင်းကြောင့်ဖြစ်သည်။

ထိုအချိန်တွင် ဘုန်းကြီးကျောင်းမှ နာရီသံချောင်းခေါက်သံနှစ်ချက်ထွက်ပေါ်လာလေရာ ဗညားနှင့် လဂွမ်းအိမ်တို့နှစ်ဦးသား ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြတော့သည်။ ။

# ချမ်းသာရုံနှင့် သူဌေးအခေါ်မခံရသော ချီချင်းဓလေ့

**အမ်းမ်လောင်ရှီ**

ချီချင်းတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ ချမ်းသာကြွယ်ဝမှုကို တိုင်းတာသော အချက်များရှိပါသည်။ (၁) နွားနောက်၊ ရွှေနားဘက် စသော ရွှေ့ပြောင်းနိုင်သော စည်းစိမ်ပိုင်ဆိုင်မှု၊ (၂) မြေ၊ ခြံ၊ အိမ်ကြီးအိမ်ကောင်း စသော မရွှေ့မပြောင်းနိုင်သောစည်းစိမ်ပိုင်ဆိုင်မှု၊ (၃) မျိုးဆက်သစ်များဖြစ်သော သားသမီး မြေးမြစ်များစွာ ထွန်းကားပိုင်ဆိုင်မှုဟူ၍ အဓိက သုံးမျိုးရှိပါသည်။ ဤနေရာတွင် ပထမနှင့် ဒုတိယအရ ကြွယ်ဝသူများကို ဓနဥစ္စာချမ်းသာသူများဟု ခေါ်ဆိုနိုင်ပါသည်။ သို့သော် သူဌေးများဟု မခေါ်ဆိုနိုင်ပေ။ အကြောင်းမူကား ချီချင်းဓလေ့အရ ချမ်းသာရုံကာမျှဖြင့် သူဌေးဟု ဂုဏ်ပြုခေါ်ဝေါ်လေ့မရှိကြဘဲ ထိုချမ်းသာမှုကို အကျိုးရှိရှိပြန်လည် အသုံးချနိုင်သူများကိုသာ သူဌေးကြီးဟု ဂုဏ်ပြုခေါ်ဝေါ်လေ့ရှိကြသောကြောင့် ဖြစ်လေသည်။

လုံယူး ခေါ် ကျောက်ပြင်ချီ အလှူပွဲတွင် နွားနောက်၊ နွား၊ ကျွဲတို့ကို အသုံးပြုကာ အလှူပွဲများပြုလုပ်သည်ဟု ဆိုကြလေရာ ယေဘုယျဖော်ပြချက်သာဖြစ်၏။ အမှန်အားဖြင့်ကား ကျောက်ပြင်ချီ အလှူပွဲကြီးများတွင် ထိုအကောင်ကြီးတစ်ကောင် သုံးစွဲလေတိုင်း ဝက်၊ ဆိတ်၊ ကြက်၊ ငှက် စသည်ဖြင့် တစ်မျိုးလျှင် အရေအတွက် ဆယ်ဂဏန်းမျှပင် အချိုးကျ အသုံးပြုကြရသည့်အပြင် ပတ်ဝန်းကျင်ရှိ ရွာများနှင့် ဆွေမျိုးရွာများအားလုံး လာရောက်စားသောက်သုံးဆောင်ကြရန် ဆန်၊ ခေါင်အိုး၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ ထင်းခြောက် စသည်ဖြင့် ကြိုတင်ရှာဖွေထားကြရသည်။ လုံယူးတစ်ပွဲလျှင် အဘယ်မျှကုန်ကျမည်ကို ခန့်မှန်းကြည့်နိုင်သည်။ သောက်စားကခုန်ဂုဏ်ပြုမည့် ပွဲလာဧည့်ပရိသတ်များသည် ညအိပ်သူများချည်းဖြစ်၍ ထိုသူတို့ကို ချက်ပြုတ်ကျွေးမွေး တည်းခိုအိပ်စက်စရာပေးရန်နှင့် ဝိုင်းဝန်းလုပ်ဆောင်ပေးသူများ၊ ဧည့်ခံပေးသူများကို စည်းရုံးရ၏။ အကွက်စေ့စွာ အလစ်အဟာမရှိအောင် စီမံခန့်ခွဲရ၏။ ထိုအချက်များကြောင့်လည်း တော်ရုံနှင့် ဤပွဲမျိုးမလုပ်နိုင်ကြောင်း သိသာပေသည်။



လုံယူး ခေါ် ကျောက်ပြင်ချီ အလှူပွဲပြုလုပ်ခဲ့သူက သူ၏အိမ်နံရံတွင် အသုံးပြုခဲ့သောနွား၊ နွားနောက်ဦးခေါင်းခွံများ ချိတ်ဆွဲထားသည်ကို တွေ့ရစဉ်။

လုံယူး ခေါ် ကျောက်ပြင်ချီအလှူ ပြုလုပ်မှုအရေအတွက်ကို အကဲဖြတ်သတ်မှတ်၍ Mang, Thawng Mang, Mang Puei, Bawi Mang စသဖြင့် စည်းစိမ်ဥစ္စာပိုင်ဆိုင်မှု အဆင့်ဆင့်ကို ပိုင်းခြားကာ သူတို့၏ သူဌေးဘွဲ့အဆင့်ကို သတ်မှတ်ခဲ့ကြပါသည်။ ထို့ကြောင့် ချမ်းသာချင်သလောက် ချမ်းသာပါစေ၊ သူသည် လုံယူးအလှူပွဲ မလုပ်ဖူးသူဖြစ်ပါက သူ့ကို သူဌေးဟု မည်သူကမှ သတ်မှတ်ခေါ်ဝေါ်ခြင်းမပြုကြပေ။ သူဌေးဟု သတ်မှတ်ကာ ဂုဏ်ပြုအခေါ်ခံရရန်မှာ ချမ်းသာခြင်းနှင့် ထိုချမ်းသာမှုကို အများအား ခွဲဝေခံစား ကျွေးမွေးလှူဒါန်းခြင်း ထိုနှစ်ချက် လိုအပ်ပါသည်။ တစ်နည်းအားဖြင့် ဥစ္စာထဲမှာ အနှစ်ရှာ ရှိတာဒါနပဲဟူသော ဆုံးမချက်အရ ဒါနအလှူလုပ်ပါမှ သူဌေးဟု ခေါ်ခြင်းဖြစ်သည်။ (သီလမကျိုးပေါက်စေသော ဒါနအလှူကြီးဖြစ်ရန်ကား လိုပေသည်။) ချီချင်းဓလေ့အရ ချမ်းသာခြင်းနှင့် သူဌေးအခေါ်ခံရခြင်းကားမတူ။ ချမ်းသာရုံနှင့် သူဌေးဟု အခေါ်ခံရမည် မဟုတ်ကြောင်းကို မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

(၄-၁၁-၂၀၂၄ ရက်နေ့မှအဆက်)

အဲ . . . ခင်လေးတို့ဆိုသည်က မဖြူနှင့် ခင်လေးမဟုတ်။ မဖြူ ပါတော့ပါသည်။ သို့သော် သူက ခုံတန်းလျားပေါ်မှာ။ ကျွန်တော် အာရုံစူးစမ်းရမည့်သူများက ခင်လေးနှင့် ကိုကိုလတ်။

သူတို့က ခုံတန်းလျားဘက်အဆင်း ကတ္တရာလမ်းစပ်တွင်ရပ်လျက်။ သူတို့နှစ်ယောက် အမူအရာကိုကြည့်ခြင်းဖြင့် တစ်စုံတစ်ရာကို အချေအတင်ပြောနေမှန်း သိသာပါသည်။

ကိုကိုလတ် ဆိုသောသူ၏ မျက်နှာတွင် မကျေနပ်မှုနှင့် ဒေါသကို တွေ့ရသည်။ ခင်လေး၏ဘေးတိုက်မျက်နှာတွင်အနီရောင်လွှဲလွှဲပြေးနေ၏။

ကိုကိုလတ်ထံမှ ခပ်ပြတ်ပြတ် စကားပြောဟန်တစ်ခုအဆုံး ခင်လေး ခေါင်းခါသည်။ ကိုကိုလတ် အမူအရာ ချက်ချင်းပျော့ပျောင်းသွား၏။ လေသံကိုနှိမ့်၍ တစ်စုံတစ်ခုထပ်ပြောသည်။ ခင်လေး ခေါင်းခါသည်။ ဦးခေါင်းသည် ခါလျက်နှင့် တဖြည်းဖြည်း ငုံ့သွား၏။

ကိုကိုလတ် တတွတ်တွတ် ပြောနေသည်။

"အစ်ကို ဘာသောက်မလဲ"

အာရုံသည် တခြားရောက်နေသဖြင့် စားပွဲထိုးချာတိတ်၏ မေးသံသည် ကျွန်တော့်ကိုယ်ကို ဆတ်ခနဲ တုန်ခါသွားစေသည်။

သူ့ဘက်ကပျာကယာ လှည့်ပြီး -

"လက်ဖက်ရည် တစ်ခွက်ပေးကွာ"

ချာတိတ် လှည့်ထွက်မည်အပြု တစ်ခုကို သတိရသဖြင့် -

"ဩော် . . . ညီလေး ဒူးယားနှစ်လိပ်လည်း ယူခဲ့"

ကောင်လေးဘက် လှည့်အကြည့်လိုက် လက်ဖက်ရည်ဆိုင်အတွင်းမှ ကျွန်တော့်ဘက် ဖြတ်ဝင်လာသော ပေါ်ဦးကိုတွေ့သည်။ ပေါ်ဦးသည် အာအိုင်တီမှ သူ့သူငယ်ချင်းတစ်ယောက် လာနေသဖြင့် နောက်ချန်နေခဲ့ပြီး ခုမှလိုက်လာခြင်းဖြစ်သည်။

"ဘယ်လိုလဲ"

ကျွန်တော် သူ့အမေးကို ပြန်မဖြေဘဲ ခင်လေးတို့ဘက် ဦးခေါင်းဆတ်၍ လှည့်သည်။

အဲ... မြင်ကွင်းက ပြောင်းသွားပြီ။

ကိုကိုလတ် မရှိတော့။ ခင်လေးက စောစောကနေရာမှာ ရပ်နေဆဲ။

ကားတစ်စင်း ဆောင့်ထွက်၍ မောင်းသွားသံကြားရသည်။

"အစ်ကို လက်ဖက်ရည်"

ချာတိတ်အသံ နောက်ဘက်မှ ပေါ်လာ၏။

"ပေါ်ဦး သောက်လိုက်ကွာ၊ ပြီးရင်လိုက်ခဲ့"

ကျွန်တော် ခြေလှမ်းသွက်သွက် လှမ်းသည်။

ခင်လေး ကျွန်တော့်ကို မြင်သွား၏။

ကျွန်တော် အံ့အားသင့်သွားသည်။ ခင်လေး မျက်နှာတွင် မျက်ရည်များနှင့်ပါလား။

"ဘာဖြစ်လို့လဲ ခင်လေး"

ခင်လေး ချက်ချင်းမဖြေ။ မျက်နှာကိုငုံ့၍ လက်ကိုင်ပဝါဖြင့် မျက်ရည်စများကိုသိမ်းသည်။

"လာ ကိုထွန်းဝေ ဒီမှာထိုင်၊ ခင်လေးလည်းလာလေ"

မဖြူ လှမ်းပြောသည်။ ကျွန်တော် ခင်လေး လက်မောင်းကို ဖွဖွဆုပ်၍-

"လာလေ ခင်လေး၊ ကိုယ့်ကို သေသေချာချာ ပြောပြစမ်းပါဦး"

ပေါ်ဦး သုတ်သီးသုတ်ပျာ ရောက်လာသည်။

"ဘာဖြစ်တာလဲ ဖြူ"

❝ သစ်ရွက်ကြွေများသည် တစ်ချက်တစ်ချက် တိုက်လာသောလေရူးတွင် ဆောက်တည်ရာမရစွာ ပြေးလွှားနေ၏။ ရင်တွင်းစိတ်ကို သစ်ရွက်ကြွေများတွင် မြင်သည်။ သစ်ရွက်ကြွေများနှင့် ဖုန်မှုန့်များ ကစားနေသော လမ်းတစ်ဖက် အနားသတ်နှင့် ပလက်ဖောင်းစကြံတို့သည် ငြိမ်သက်စွာ ငိုက်မျဉ်းနေသည်။ ပလက်ဖောင်းပေါ်တွင် လမ်းလျှောက်လာသူတစ်ဦးကို တွေ့သည်။ ပီဘိကန္တာရခရီးသည် ဆန်လှ၏ ❞




မဖြူက မျက်ရိပ်ဖြင့် မမေးရန်တားသည်။ ရှေ့ဘက်မှ ခုံတန်းကို မျက်လုံးဖြင့်ညွှန်၍ သူပါပြောင်းသည်။ ပေါ်ဦး မဖြူရှိရာသွား၏။

ခင်လေးနှင့် ကျွန်တော် စောစောက မဖြူထိုင်သောခုံတွင် ထိုင်မိသည်။

ကျွန်တော် အလောတကြီး မမေးချင်။ သူ့အမူအရာကိုကြည့်၍ သူ့အပြောကို စောင့်သည်။ ကျွန်တော့်ကို အတန်ကြာကြည့်ပြီးမှ-

"ကိုကို ရောက်နေတာ ကြာပြီလား"

ကျွန်တော် လက်ဖက်ရည်ဆိုင်တွင် ထိုင်နေသည်ကို သူမြင်မည်ဟု သိလိုက်၏။

"ကိုကိုလတ် မပြန်ခင်လေးတင်ဘဲ ခင်လေး"

ဘာဖြစ်လို့လဲဆိုသော အမေးကို မမေးမိရန် လျှာကိုထိန်းသည်။ ခင်လေး သက်ပြင်းချသည်။ သူ့မျက်နှာမှာ ခုထိ မလန်းလာ။

" ပြဿနာပဲ ကိုကို"

လက်ကြားမှ တငွေ့ငွေ့တက်နေသော ဆေးလိပ်မီးခိုးများကို ကြည့်ရင်း သူ့အဖြေကို စောင့်သည်။

"ခင်လေး နေတာထိုင်တာနဲ့ပတ်သက်ပြီး သူမကျေနပ်ဘူးလို့ ပြောတယ်"

ရင်ထဲမှာ လှုပ်ခါသွား၏။ အစ်ကိုတစ်ယောက်ထံမှ လာသော အနက်မျိုး၊ ကျန်တစ်မျိုးက...

ကျွန်တော် သူ့ကိုကြည့်သည်။ သူ ကျွန်တော့်ကို ကြည့်နေဆဲပင်။

"အထူးသဖြင့် ခင်လေး ခုတလော လူတစ်ယောက်နဲ့ တွဲသွားတွဲလာလုပ်နေတဲ့ကိစ္စပဲတဲ့"

ရုပ်ရှင်ရုံတုန်းက သူမြင်သွားမည်ဖြစ်ကြောင်း ခန့်မှန်းမိသည်။ ဟိုနေ့ကလည်း ခင်လေးကို လိုက်ရှာ၊ လိုက်အကဲခတ်တာဖြစ်နိုင်သည်။

"ခုလည်း ခင်လေးကို သူနဲ့လိုက်ခဲ့ဖို့ ပြောတယ်။ တစ်နေရာရာ သွားမယ်။ စကားအေးအေးဆေးဆေး ပြောမယ်လို့ ပြောတယ်"

ကျွန်တော်မြင်ခဲ့ရသော မြင်ကွင်းအနေအထားသည် ဤနေရာတွင် ဖြစ်မည်ဟု တွေးမိသည်။ ခင်လေး ခေါင်းခါသည်ကို မြင်ခဲ့ရပြီ။ ကျွန်တော် ဝင်မမေးတော့။ ခင်လေး ဆက်ပြောသည်။

"ခင်လေး မလိုက်ချင်ဘူးလို့ ခါးခါးသီးသီး ငြင်းလိုက်တယ်"

ပြောရင်းနှင့် သူခဏတန့်သည်။ သူ့မျက်နှာတွင် မျက်ရည်ကြည်များ ဝဲလာပြန်သည်။

"သူ အမျိုးမျိုးပြောပြီး ခေါ်တာကို ခင်လေးကငြင်းတော့ သူဒေါပွသွားတယ်။ ပြီးတော့ ခင်လေး လုံးဝမသိတဲ့ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး သူပြောသွားတယ်"

ကျွန်တော် ဖျတ်ခနဲ လှည့်ကြည့်သည်။ သည်စကားကတော့ လုံးဝမျှော်လင့်မထားသော စကား။

ခင်လေး၏ ဝဲနေသောမျက်ရည်များသည် ပါးပြင်ပေါ် လိမ့်ဆင်းကျလာသည်။ ကျွန်တော် နေ၍ထိုင်၍မရတော့။

"ဘာပြောသွားလို့လဲ ခင်လေး"

ခင်လေး၏ မျက်လုံးအိမ်တွင် အရည်ကြည်လွှဲလွှဲတို့မပျောက်။ ကျွန်တော့်ကို စူးစူးကြည့်သည်။ သူ့အကြည့်မှာ ကျွန်တော့်ရင်ကို ထွင်းဖောက်၍ ထင်သည်။ သူစကားကို ခပ်လေးလေး ပြောလိုက်သည်။

"ဒါဖြင့်ရင် ခင်လေးကို သိထားအောင် ပြောလိုက်မယ်တဲ့။ ခင်လေးနဲ့ သူနဲ့ဟာ လက်ထပ်ဖို့ လူကြီးချင်းစီစဉ်ပြီးသားတဲ့။ ခင်လေး စိတ်ကူးယဉ်ပြီး မလုပ်သင့်တာတွေ လျှောက်လုပ်မိနေရင် ရပ်တန်းကရပ်တော့တဲ့။ မရပ်ရင် အားလုံးစိတ်မကောင်းစရာတွေ ဖြစ်ကုန်မယ်တဲ့"

သူ့စကားသည် ငိုသံအောက်တွင် တိမ်၍ပျောက်သွား၏။

ကျွန်တော့်ရင်ထဲမှ အပူသည် လှိုက်၍တက်လာ၏။

အသိစိတ်သည် ကိုယ်နှင့် ခဏကင်းကွာသွားသည်။

* * * * *

(၈)

ပိတောက်ပင်ကြီးဆီမှ သစ်ရွက်ဝါများ တစ်ရွက်ပြီး တစ်ရွက် ကြွေကျနေ၏။

မပူသော်လည်း ခြောက်သွေ့ ထီးကျန်လှသည့် နွေပြောင်းစကာလပင်။

သစ်ရွက်ကြွေများသည် တစ်ချက်တစ်ချက် တိုက်လာသောလေရူးတွင် ဆောက်တည်ရာမရစွာ ပြေးလွှားနေ၏။ ရင်တွင်းစိတ်ကို သစ်ရွက်ကြွေများတွင် မြင်သည်။

လွင့်မျောနေသော အကြည့်များသည် မန္တလေး၊ အမရသံတိုင် ခြံစည်းရိုးဆီရောက်၏။ ဖုန်များလူးသော သံတိုင်များသည် နေရောင်အောက်တွင် ပျင်းရိထိုင်းမှိုင်းနေ၏။ သံတိုင်များကြားမှ တက္ကသိုလ်ရိပ်သာလမ်း ကတ္တရာပြင်ကို ဖြတ်မြင်ရသည်။ တစ်ခါတစ်ရံတွင် တက်ကြွစွာလှုပ်ရှားနေတတ်၍ တစ်ခါတစ်ရံတွင် တာဝန်မပျက် လှုပ်ရှားနေတတ်သော တက္ကသိုလ်ရိပ်သာလမ်းကျယ်ကြီးသည် ယခုအခါ နွမ်းနွမ်းနယ်နယ် ကျောခင်းလဲလျောင်းနေ၏။

သစ်ရွက်ကြွေများနှင့် ဖုန်မှုန့်များ ကစားနေသော လမ်းတစ်ဖက် အနားသတ်နှင့် ပလက်ဖောင်းစကြံတို့သည် ငြိမ်သက်စွာ ငိုက်မျဉ်းနေသည်။ ပလက်ဖောင်းပေါ်တွင် လမ်းလျှောက်လာသူတစ်ဦးကို တွေ့သည်။ ပီဘိကန္တာရခရီးသည် ဆန်လှ၏။

သည်ဘက်က ဓမ္မာရုံတံတိုင်းကို ကျော်ဖြတ်လိုက်သောအခါ သစ်ရိပ်အုပ်ဆိုင်းဆိုင်းတွင် ငြိမ်သက်နေသော စာတိုက်အဆောက်အအုံနှင့် ကွက်လပ်ကို မြင်ရသည်။ ဘယ်ဘက်သို့ မြင်ကွင်းရွေ့လာသောအခါ တက္ကသိုလ်ဆေးရုံ၊ ထို့နောက် လမ်းမကျယ်ကို ဖြတ်လာသည်။ ထို့နောက် ယခုအခါ ဘာမှမရှိတော့ပြီဖြစ်သော မြေကွက်လပ်ကျယ်ကြီး။

အကြည့်သည် ကိုယ့်ခြေရင်း ပြန်ရောက်လာ၏။

သည်နေ့ ခင်လေး ကျောင်းမတက်။

ပြဿနာကို ကြိုတင်မြင်နေရသလို ခံစားရသည်။ ခင်လေး ကျောင်းမတက်ခြင်းသည် ကျောင်းသား ကျောင်းသူတစ်ယောက်၏ သာမန်ကျောင်းပျက်ကွက်ခြင်း မဟုတ်ဟု သိနေသည်။

စောစောက ကျွန်တော် မဖြူနှင့် တွေ့ပြီးပြီ။ ခင်လေး မနက်က သူ့ဆီဖုန်းဆက်၍ ကျောင်းမတက်ဘူးပြောသည်ဟု မျက်နှာမကောင်းစွာ အသိပေးသည်။

မိနစ်လေး၊ ငါးဆယ်ခန့် စောင့်နေရဦးမည့် နေ့လယ်ကျောင်းတက်ချိန်ကို ကျွန်တော် မည်သို့ဖြတ်သန်းမည်နည်း။ ထိုမှတစ်ဆင့် ညနေကျောင်းဆင်းချိန်မှ နောက်တစ်နေ့ ကျောင်းတက်ချိန်အထိခရီး။ ထို့နောက် ခင်လေးဆီမှ သတင်းစကား တစ်စုံတစ်ရာကြားရသည်အထိ။ ထိုမှ ခင်လေး၏ သတင်းစကားကို အကြောင်းပြု၍ ဖြတ်သန်းလှုပ်ရှားရဦးမည့် ပြဿနာခရီး။

မျက်လုံးထဲတွင် သမုဒ္ဒရာမုန်တိုင်းကြားမှ မာန်ဟုန်ပြင်းလှသော လှိုင်းလုံးကြီးများကို မြင်နေသည်။

တစ်ချိန်တည်း၌ပင် ရွာလယ်ဖြတ်စီးလာသော ငမိုးရိပ်ချောင်းလေးကို မြင်၏။

ပိတောက်ရွက်ခြောက်လေးတစ်ခုသည် မျက်နှာကို လာရိုက်သည်။

စိတ်ညစ်လိုက်တာ။

* * * * *

"အဲဒါ ဘာဖြစ်တာလဲ။ ဒါ စိတ်ဓာတ်ကျစရာလားကွ"

ပေါ်ဦးက ခပ်ငေါက်ငေါက်ပြောသည်။ ကျွန်တော့်ရင်ထဲတွင် ဖြောင်းဆန်အောင် လှုပ်ရှားနေ၏။

ကြားရသောသတင်းက ထင်သည့်အတိုင်း ဖြစ်နေသည်။

မနက်က ခင်လေး ကျောင်းမလာသည့်ကိစ္စနှင့်ပတ်သက်၍ ကျွန်တော် နေမရထိုင်မရ ဖြစ်နေခြင်းကိုကြည့်၍ ပေါ်ဦးက သူစုံစမ်းပေးမည်ဟုဆိုကာ ညနေ ကျောင်းဆင်းချိန်တွင် ခင်လေးတို့အိမ်သွားသည်။

(ဆက်လက်ဖော်ပြပါမည်)

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ဩစတြေးလျနိုင်ငံ၌ အသက် ၁၆ နှစ်အောက် ကလေးငယ်များ ဆိုရှယ်မီဒီယာအသုံးပြုခွင့် တားမြစ်ပိတ်ပင်မည်

**ကင်ဘာရာ နိုဝင်ဘာ ၇**

ဩစတြေးလျနိုင်ငံ၌ အသက် ၁၆ နှစ်အောက်ကလေးငယ်များ ဆိုရှယ်မီဒီယာအသုံးပြုခွင့်ကို တားမြစ်ပိတ်ပင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အန်ထော်နီ အယ်လ်ဘားနိစ်က ယနေ့ပြောကြားသည်။

ဆိုရှယ်မီဒီယာ အသုံးပြုခွင့်အတွက် အနည်းဆုံး အသက် ၁၆ နှစ် ပြည့်မီရမည်ဆိုသည့် အသက်ကန့်သတ်ချက်ကို ဥပဒေတစ်ရပ်ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း အယ်လ်ဘားနိစ်က ဆက်လက်ပြောကြားသည်။

ယင်းသို့ဆိုရှယ်မီဒီယာအသုံးပြုခွင့်ကို ကလေးများအား ပိတ်ပင်ရခြင်းမှာ ဆိုရှယ်မီဒီယာသည် ကလေးများအတွက် အန္တရာယ်ရှိခြင်းကြောင့် ဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့ပြင် ဥပဒေပြဋ္ဌာန်းပြီးပါက အသက်မပြည့်မီသည့် ကလေးများကို အွန်လိုင်းပလက်ဖောင်း ဝင်ရောက်ရန်ခွင့်ပြုသည့်မည်သည့် ဆိုရှယ်မီဒီယာကိုမဆို ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။



သို့သော် အဆိုပါအွန်လိုင်းပလက်ဖောင်းသို့ ဝင်ရောက်ရန်ကြိုးပမ်းသည့် ကလေးနှင့် ၎င်း၏မိဘ သို့မဟုတ် အုပ်ထိန်းသူများကို ပြစ်ဒဏ်ချမှတ်မည် မဟုတ်ပေ။

အဆိုပါဥပဒေကို လွှတ်တော်က အတည်ပြုပြီးနောက် ၁၂ လအကြာတွင် စတင်အသက်ဝင်မည်ဖြစ်ပြီး အစိုးရ၏ ဘေးကင်းရေးကော်မရှင်နာရုံးက တာဝန်ယူစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ် အန်ထော်နီ အယ်လ်ဘားနိစ်သည် ယင်းဥပဒေပြဋ္ဌာန်းရေးနှင့် ပတ်သက်ပြီး နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် အထူးအစည်းအဝေးတွင် ပြည်နယ်နှင့် နယ်မြေခေါင်းဆောင်များနှင့် ဆွေးနွေးမည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ကမ္ဘောဒီးယားနိုင်ငံက ယခုနှစ် ပထမ ၁၀ လအတွင်း ဆန်တန်ချိန် ငါးသိန်းကျော် ပြည်ပနိုင်ငံများသို့တင်ပို့

**ဖနောင်ပင် နိုဝင်ဘာ ၇**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမ ၁၀ လအတွင်း ဆန်တန်ချိန် ၅၀၇၀၂၉ တန်အား ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပြီး ဝင်ငွေ ကန်ဒေါ်လာ ၃၇၆ ဒသမ ၆ သန်းရရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်က နိုဝင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်စပါးများကို အဓိက ဝယ်ယူနေသည့် နိုင်ငံဖြစ်သည်။ ယခုနှစ်ဇန်နဝါရီလမှ အောက်တိုဘာလ အတွင်း နိုင်ငံနှင့် ဒေသပေါင်း ၆၆ ခုသို့ ကမ္ဘောဒီးယားကုမ္ပဏီများက ဆန်စပါးတင်ပို့ခဲ့ကြသည်။

ဆန်မွှေး၊ ဆန်ဖြူ၊ ပြုတ်ဆန်နှင့် အော်ဂဲနစ်ဆန်များကို ပြည်ပနိုင်ငံများသို့တင်ပို့ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံမှ စိုက်ပျိုး ထုတ်လုပ်သည့် Malys Angkor အမည်ရှိ ဆန်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်ကျင်းပသည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆန်စပါးညီလာခံတွင် အောက်တိုဘာ ၇ ရက်က ကမ္ဘာ့အရည်အသွေးအကောင်းဆုံးဆန်အဖြစ် ခြောက်ကြိမ်မြောက် ဆုချီးမြှင့်ခြင်းခံရသည်။

ယခုကဲ့သို့ အရည်အသွေးအကောင်းဆုံးဆန်ကို စိုက်ပျိုး၍ ကြိတ်ခွဲထုတ်လုပ်ခဲ့ကြသည့် ကမ္ဘောဒီးယားနိုင်ငံရှိ တောင်သူလယ်သမားများနှင့် ဆန်စက်ပိုင်ရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအဖွဲ့ချုပ် အတွင်းရေးမှူးချုပ် လန်ယန်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဂါဇာရှိ အယ်လ်ရှာတီဒုက္ခသည်စခန်းကို အစ္စရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်၊ ပါလက်စတိုင်း ၁၀ ဦးထက်မနည်း သေဆုံး

**ဂါဇာစီးတီး နိုဝင်ဘာ ၇**

ဂါဇာမြို့အနောက်ဘက်ရှိ အယ်လ်ရှာတီ ဒုက္ခသည်စခန်းကို အစ္စရေးတပ်ဖွဲ့ဝင်များက ယနေ့ လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်း ၁၀ ဦးထက်မနည်း သေဆုံးကြောင်း ပါလက်စတိုင်း သတင်းရင်းမြစ်များက ပြောကြားသည်။

အစ္စရေးတိုက်လေယာဉ် တစ်စင်းသည် အယ်လ်ရှာတီ ဒုက္ခသည်စခန်းရှိစာသင်ကျောင်းကို ဒုံးကျည်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ဒေသတွင်း သတင်းရင်းမြစ်များနှင့် မျက်မြင်သက်သေများက ပြောကြားသည်။

ဒဏ်ရာရရှိသူ ၃၀ ကျော်ကို ဆေးရုံများသို့ လွှဲပြောင်းပေးထားကြောင်း ဆေးဘက်ဆိုင်ရာ သတင်းများအရ သိရသည်။ လူအများအပြား ပျောက်ဆုံးနေဆဲဖြစ်ပြီး အချို့မှာ ပြင်းထန်စွာ ဒဏ်ရာရရှိခြင်းကြောင့် သေဆုံးသူဦးရေ တိုးလာနိုင်ကြောင်း သိရသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး အစ္စရေးတပ်ဖွဲ့က လက်ရှိအချိန်အထိ မှတ်ချက်ပြုပြောကြားခြင်းမရှိသေးပေ။

နိုဝင်ဘာ ၇ ရက်တွင် ပါလက်စတိုင်း ဝန်ကြီးချုပ် မိုဟာမက် မူစတာဖာက ဂါဇာ ကမ်းမြောင်ဒေသ၌ အစ္စရေး၏ ရာဇဝတ်မှုများကို ရပ်တန့်ရန် ပိုမိုထိရောက်သော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် ကုလသမဂ္ဂကို တောင်းဆိုခဲ့ကြောင်း သိရသည်။

အထူးသဖြင့် အငတ်ဘေးနှင့် ရင်ဆိုင်နေရသော ပါလက်စတိုင်းသား နှစ်သန်းကျော်အား ထောက်ပံ့ရေးနှင့် ဆေးဝါးယာဉ်တန်းများ ဝင်ရောက်နိုင်ရေးအတွက် ကုလသမဂ္ဂအနေဖြင့် ပိုမိုထိရောက်သော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ပြည်သူများ၏ အခြေခံလိုအပ်ချက်အားလုံး ဆိုးရွားစွာ ပျက်စီးသွားပြီဖြစ်ကြောင်း ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုရေးရာနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ အကြီးတန်း ညှိနှိုင်းရေးမှူးနှင့် တွေ့ဆုံစဉ် ပါလက်စတိုင်း ဝန်ကြီးချုပ် မိုဟာမက် မူစတာဖာက ပြောကြားသည်။

ထို့ပြင် မူစတာဖာက အစ္စရေး၏ ရာဇဝတ်မှုများကို တာဝန်ယူမှု တာဝန်ခံမှုရှိရန်အတွက် ဖိအားများပေးရန် ကမ္ဘာ့နိုင်ငံများကိုတောင်းဆိုခဲ့သည်။

လက်ရှိအချိန်အထိ ဂါဇာဒေသ၌ အစ္စရေး–ဟားမတ်စ်တို့ အပြန်အလှန် စစ်ဆင်နွှဲမှုများကြောင့် ပြည်သူ ၄၃၄၀၀ ကျော် သေဆုံးပြီး နေအိမ်များနှင့် အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# နီပေါနိုင်ငံ၌ တစ်တော့ (TikTok) သုံးစွဲခွင့်အတည်ပြုရန် မှတ်ပုံတင်

**ခတ္တမန္ဒူ နိုဝင်ဘာ ၇**

လူကြိုက်များသော ဗီဒီယို အတိုများ တင်ဆက်ပြသသည့် အက်ပလီကေးရှင်း ဖြစ်သည့် တစ်တော့ (TikTok) ကို နီပေါနိုင်ငံ၌ သုံးစွဲခွင့်အတည်ပြုရန် မှတ်ပုံတင်ထားကြောင်း အစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦးက ယမန်နေ့တွင် ပြောကြားသည်။

နီပေါအစိုးရက တစ်တော့ကို နိုင်ငံအတွင်း၌ သုံးစွဲခွင့် လပေါင်းများစွာ ပိတ်ပင်ထားမှုကိုပြန်လည်ရုပ်သိမ်းပြီးနောက် နှစ်လအကြာတွင် တစ်တော့က မှတ်ပုံတင်ခြင်းဖြစ်သည်။

TikTok သည် Viber နှင့် WeTalk ပြီးနောက် နိုင်ငံအတွင်း မှတ်ပုံတင်သည့် တတိယမြောက် ဆိုရှယ်မီဒီယာအက်ပလီကေးရှင်း တစ်ခုဖြစ်သည်။

**သုံးစွဲခွင့်ပိတ်ပင်ခဲ့**

နီပေါနိုင်ငံရှိ ဆိုရှယ်မီဒီယာများအနေဖြင့် ယမန်နှစ်နိုဝင်ဘာလတွင် အစိုးရက ထုတ်ပြန်ခဲ့သော စည်းမျဉ်းများနှင့်အညီ မှတ်ပုံတင်ပြီး ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရန် လိုအပ်သည်။ အဆိုပါစည်းမျဉ်းများကို လိုက်နာခြင်းမရှိသည့်အတွက် တစ်တော့ကိုနိုင်ငံအတွင်း၌ သုံးစွဲခွင့်ပိတ်ပင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် စက်တင်ဘာလတွင် တစ်တော့အပေါ် ပိတ်ပင်ထားသည့် တားမြစ်ချက်များကို ရုပ်သိမ်းကြောင်း အစိုးရအဖွဲ့က ကြေညာခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တောင်ပိုင်း ဆင်ခြေဖုံးဒေသများအား အစ္စရေးက လေကြောင်းမှတိုက်ခိုက်

**ဘေရွတ် နိုဝင်ဘာ ၇**

အစ္စရေး တိုက်လေယာဉ်များသည် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တောင်ပိုင်း ဆင်ခြေဖုံးဒေသများသို့ နိုဝင်ဘာ ၇ ရက်က လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြောင်း လက်ဘနွန် ဒေသန္တရ ရုပ်မြင်သံကြားဌာန အယ်လ်ဂျာဒိစ်က ပြောကြားသည်။

ဘေရွတ်လေဆိပ်အနီးရှိ ကူဇေးဒေသသို့လည်း လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည်။ ယင်းလေကြောင်း တိုက်ခိုက်မှုအတွင်း ဘေရွတ်လေဆိပ်ဝင်ပေါက် အပြင်ဘက်ရှိ အဆောက်အအုံများနှင့် လေယာဉ်ပြေးလမ်းတစ်ခုထိခိုက်ပျက်စီးခဲ့သော်လည်း လေဆိပ်၏ လုပ်ငန်းများ ပုံမှန်အတိုင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း လက်ဘနွန်ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး အလီဟာမီယာက လူမှုမီဒီယာ အိက်စ်တွင် ပြောကြားသည်။

ဟာယက်ဟာရိတ်ဒေသရှိ ဟစ်ဇ်ဘိုလာအဖွဲ့နှင့် ဆက်စပ်နေသည့် အယ်လ်မာနာရုပ်မြင်သံကြားဌာနအပါအဝင် ဟာယက်ဗာဂျောနှင့် တော်ဝီတက်ဒ်အယ်လ်ဂဒါဒေသတို့အား အစ္စရေးတပ်ဖွဲ့များက လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည်။

လက်ဘနွန်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် သမိုင်းဝင် အမွေအနှစ်နေရာများကို အစ္စရေး၏ တိုက်ခိုက်မှုမှ ကာကွယ်ရန် ယူနက်စကိုအဖွဲ့ ညွှန်ကြားရေးမှူးချုပ် အော်ဒရီအိပ်စ်ဇိုလေထံ လက်ဘနွန်ပါလီမန် ကိုယ်စားလှယ်များက စာတစ်စောင်ပေးပို့ခဲ့သည်။ ယင်းစာတွင် လက်ဘနွန်နိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ်နေရာများသည် အစ္စရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုခံနေရသဖြင့် ကာကွယ်စောင့်ရှောက်ပေးရေး တောင်းဆိုခဲ့သည်။

လက်ဘနွန်နိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ်နေရာများကို တိုက်ခိုက်ခြင်းမှ ရှောင်ရှားရန် သက်ဆိုင်ရာအဖွဲ့အစည်းများအား ယူနက်စကို တာဝန်ရှိသူက ပန်ကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များသိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင်နှင့် အောင်လံ ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ်



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

၁၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးခရိုင် စလင်းမြို့နယ် စလင်း–စေတုတ္တရာလမ်းဆုံ စစ်ဆေးရေးဂိတ်၌ ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ၁၁ ပီပါ၊ ဒီဇယ်တစ် ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၉၆၈၀၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၈၉၆၈၀၀ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင်နှင့် လယ်ဝေးခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၅၃၆ တန်၊ အခြားသစ် ၁၁ ဒသမ ၂၁၀ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၉၂၁၁၉ ကျပ်ကို သိမ်းဆည်း ရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ဥက္ကလာပမြို့နယ် အမှတ်(၆) ရပ်ကွက် အမှတ်(၈၃)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၅၅၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းမအနီး၌ လိုင်စင်မဲ့ Nissan March ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကို ပို့ကုန် သွင်းကုန်ဥပဒေအရလည်းကောင်း၊ တိုက်ကြီးမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၈ ဒသမ ၄၄ တန်၊ အခြားသစ် ၁ ဒသမ ၃၀၆ တန်နှင့် သစ်စက် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၉၆၄၀၀)ကို သစ်တော ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၉၁၉၀၀ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၆ ရက်တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုးငွေ ကျပ် ၂၀၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုဝင်ဘာ ၇ ရက်တွင် တောင်ငူ ခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၄၄၃ တန်၊ သစ်မာ သုည ဒသမ ၉၄၈ တန်၊ အခြားသစ် ၁ ဒသမ ၄၇၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၄၆၆၀၆ ကျပ်)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၃၈၆၆၀၆ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၉၆၇၄၂၅ ကျပ်)ကို သိမ်းဆည်း ရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် တင်သွင်းလာသည့် ကုန်စည် များအနေဖြင့် အရည်အသွေးပြည့်မီမှုမရှိနိုင်ခြင်းနှင့် စားသုံးသူပြည်သူ များအတွက် ဘေးအန္တရာယ်ကျရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည် တင်သွင်းမှုများ ကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မန္တလေးမြို့၌ ပြည်သူ့စစ်မှုထမ်းအတွက် ဖမ်းဆီးခြင်းများရှိနေပြီး အမည်စာရင်းပါသူများက ငွေကျပ်သိန်းဆယ်နှင့်ချီပေးနေရကြောင်း သတင်းတု၊ သတင်းမှားများ လွှင့်ဆော်ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၇

မန္တလေးမြို့တွင် ပြည်သူ့ စစ်မှုထမ်း အမှတ်စဉ် (၇) အတွက် လူသစ်ထပ်ခေါ်ခြင်းနှင့် လမ်းမ ပေါ်၌ ဖမ်းဆီးခြင်းများရှိနေပြီး အမည်စာရင်းပါသူများက ငွေကျပ် သိန်းဆယ်နှင့်ချီပေးနေရကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများ က မဟုတ်မမှန် လွှံ့ဆော်ဝါဒ ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ မန္တလေးမြို့မှ လုံခြုံရေးတာဝန်ရှိ သူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေး ပူးပေါင်းအဖွဲ့များက မန္တလေးမြို့အတွင်း ပြည်သူများ အေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင် ရေးအတွက် လိုအပ်သည့်နယ်မြေ လုံခြုံရေးဆိုင်ရာ လုပ်ငန်းများကို ထုတ်ပြန်ထားပြီး စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပုံမှန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ နယ်မြေ လုံခြုံရေးလုပ်ငန်း များ ဆောင်ရွက်ခြင်းများကြောင့် အကြမ်းဖက်သမားများ လွယ်ကူ စွာ ဝင်ထွက်သွားလာနိုင်ခြင်း မရှိသဖြင့် အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများ က ယခုကဲ့သို့အခြေအမြစ်မရှိသည့် သတင်းဓာတ်ပုံများဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူ များ အထင်အမြင်လွဲမှားစေရန် လုပ်ကြံ ရေးသားနေခြင်းဖြစ် ကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာ များသည် ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ပြည်သူ့စစ်မှု ထမ်းဆောင်ရန် အကျုံးဝင်သည့် ပြည်သူများကို ဖမ်းဆီးခြင်း၊ လမ်းသွားလမ်းလာ များကို ပေါ်တာဆွဲခြင်းနှင့် ငွေကြေးများ ကောက်ခံခြင်း




စသည့် သတင်းတု၊ သတင်းမှား များကို ပြည်သူများ အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လွှံ့ဆော်ဝါဒဖြန့်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပျဉ်းမနားမြို့နှင့် ရပ်စောက်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၇

ပျဉ်းမနားမြို့နှင့် ရပ်စောက်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၅ ရက် နံနက် ၅ နာရီ မိနစ် ၄၀ တွင် ပျဉ်းမနားမြို့ ဘောဂသီရိရပ်ကွက် ဘောဂသီရိကားဝင်းအတွင်း အိုက်ဆမ်နှင့် စုစုထိုက်တို့အား ဆိုင်ကယ်တစ်စီးနှင့်အတူ စစ်ဆေး ရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀၀ နှင့် ဘိန်းဖြူ ၁ ဒသမ ၁ ကီလို ကိုလည်းကောင်း၊ အလားတူ နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့ ဗထူးရပ်ကွက်တွင် အေးချမ်းမောင် မောင်းနှင်ပြီး နန်းဆိုင်မွန်း လိုက်ပါလာသည့် Toyota Harrier ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ် ဆေးပြား ၆၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်း တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁၁-၂၀၂၄ သောကြာနေ့

### MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ လွမ်းနေဦးမယ်...ကရိန်နော်
၀၉:၁၅ စာပဒေသာ....ဝေဆာစေမည်
၀၉:၄၀ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ လူမှုစီးပွားသတင်းများ
၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ ကစားကွက်'** (အပိုင်း-၂၅)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ယုံကြည်ရာလမ်း'** (အပိုင်း-၂၂)
၁၅:၀၀ မျိုးဝက်တင့်စေဆိုကရေးတီးအမွေ
၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
၁၆:၅၀ မျိုးဝက်တင့်စေဆိုကရေးတီးအမွေ
၁၇:၁၀ ဝက်ယူစရာသမိုင်းအမွေအနှစ်များနှင့် ချစ်သောပုဂံမြေ
၁၇:၂၅ Weekly Sports Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ တန်ဆောင်တိုင်တေးများ
၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ ကစားကွက်'** (အပိုင်း-၂၇)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ 'ထူးမြတ်တဲ့ကထိန်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

07:01 Evergreen Classic: Suvanna Sama (Hnin Yee Thant)
07:11 Artist Life: Designer May Myat Waso
07:32 Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-3) Residence of Rich Man, Kothiya
07:46 Snake Dancer
07:54 International Day of Radiology (8th November)
08:01 News
08:26 Asia Updates: Dongba symbols – hieroglyphs related to nature
08:33 Travelogue: Trekking Around Kalaw Township
08:48 Inside Myanmar: Award Giving Ceremony of 25th Myanmar Traditional Cultural Performing Arts Competition
09:01 Listening Pleasure, Instrumental Music (Mandolin) Glory of Love
09:54 Dances of Myanmar: Pre Kayaw Traditional Dance
10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင် (အသီးအနှံဆိုင်ရာအခေါ်အဝေါ်များ)
**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
သွေးချင်းတို့ရဲ့ခေါင်လန်ဖူး
**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ပျားမွေးမြူရေး
**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သံတောင်မြို့အလှနှင့်ဘွဲ့ကရင်တိုင်းရင်းသားတို့ရဲ့ သဘာဝ
**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
မော်ဆန်တဲ့အလှတရားများရှိရာ ၎က်ကျွန်း
**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ပန်းလိုင်မွှေး၍စွမ်းသည့်ဆေး
**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
မြင်းဒွာရှက်ရဲ့အစွမ်း
**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
သူတို့ရဲ့ဒုတိယရင်ခွင်
**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
သင်္ဘောသီးနှင့်ပဲပုပ်သုပ်
**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ပင်မြင့်သစေ ပန်းတော်ဝင်
**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
တောင်ပေါ်မြေကပွဲတော်ည

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၄၅ ရသစုံစွာ ဤမြေကမ္ဘာ
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၈:၄၅ SPORTS MAX
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'သိလျက်နဲ့ထိစ်ချန်မှု'**
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၂)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄၄)

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ စက်မှုလယ်ယာစွမ်းအား နိုင်ငံ့အင်အား
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ Weekly Views Update
၁၉:၀၀ Day in the Life of a Small Farm p-1
၁၉:၃၀ Massive green bean harvest form the front yard trilles
၁၉:၄၅ International Music Hits
၂၂:၀၀ Hidden Figures (ဇာတ်လမ်း)

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၄၀ Soccer View
၁၇:၀၀ အားကစားသတင်း
၁၈:၀၀ E Sports

Scan Here
MRTV / MRTV / MRTV Radio / MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနား ပြင်ဆင်မည့်နေရာများနှင့် အိပ်ဆောင်များ ဒုတိယဝန်ကြီး ဦးဝင်းဖေ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနား ကျင်းပမည့်နေရာများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ဒိုင်/ဂျူရီများ တည်းခိုနေထိုင်မည့်အိပ်ဆောင်များ ပြုပြင်မွမ်းမံဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲများ တက်ရောက်ကြည့်ရှုအားပေးမည့် နေရာထိုင်ခင်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အားကစားပွဲတော်ကာလအတွင်း လျှပ်စစ်မီးများ မပြတ်တောက်စေရေးအတွက် အရန်မီးစက်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) Cluster-4 ရှိ ဒိုင်/ဂျူရီများ တည်းခိုနေထိုင်မည့် အိပ်ဆောင်များ ပြုပြင်မွမ်းမံဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားကို ခမ်းခမ်းနားနားဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး၊ အခမ်းအနားပြင်ဆင်ရာတွင် လစ်ဟင်းမှုများ၊ လိုအပ်ချက်များ မရှိစေရေးအတွက် တာဝန်ရှိသူများက ဂရုတစိုက်စစ်ဆေးကြပ်မတ်သွားရန်လိုကြောင်း၊ နိုင်ငံတော်အလံနှင့် အမျိုးသားအားကစားပွဲတော်အလံ လွှင့်တင်မည့် အလံစင်ခိုင်ခံ့မှုရှိစေရေး ဆောင်ရွက်သွားရန်၊ ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲများ တက်ရောက်ကြည့်ရှုအားပေးမည့် နေရာထိုင်ခင်းများ ခိုင်ခံ့မှုရှိစေရေးနှင့် စနစ်တကျသန့်ရှင်းသပ်ရပ်မှုရှိစေရေးဆောင်ရွက်သွားရန်၊ အားကစားပွဲတော်ကာလအတွင်း ဒိုင်/ဂျူရီများ တည်းခိုနေထိုင်မည့်အိပ်ဆောင်များ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်နှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အတွက် ရန်ကုန်တိုင်းဒေသကြီးမှ အားကစားသမားများ လေ့ကျင့်ပြင်ဆင်

ရန်ကုန် နိုဝင်ဘာ ၇

နေပြည်တော်တွင် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများ ရယူနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအားကစားသမားများက အားကစားနည်းများအလိုက် လေ့ကျင့်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။



ဘိလိယက်ကစားသမား ကိုအောင်နိုင်စိုး လေ့ကျင့်နေစဉ်။

ရန်ကုန်တိုင်း ဒေသကြီးတွင် ဘိလိယက်နှင့်စနူကာကို ပြိုင်ပွဲကျင်းပပြီး ဘိလိယက်ကစားသမားသုံးဦး၊ စနူကာနှင့် 9ball ငါးဦး စုစုပေါင်းရှစ်ဦးကို ရွေးချယ်ခဲ့ကြောင်း၊ တစ်ရက်လျှင် နှစ်ကြိမ် လေ့ကျင့်နေကြောင်း နည်းပြဦးမြင့်စိုးက ပြောသည်။

"ကျွန်တော် ဘိလိယက်ကို တစ်ရက် လေးနာရီလေ့ကျင့်ပါတယ်။ အမျိုးသားအားကစားပွဲတော်ကတစ်ဆင့် နိုင်ငံ့လက်ရွေးစင်ဖြစ်ဖို့ ကြိုးစားနေပါတယ်။ ဘိလိယက်ကစားနည်းက အသက်ကြီးတဲ့အထိ ကစားခွင့်ရှိနေတဲ့အတွက် ဒီကစားနည်းကိုရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွက် ဂုဏ်ဆောင်ဖို့ ကျန်းမာရေးကောင်းရမယ်၊ ပုံမှန်လေ့ကျင့်နေမယ်ဆိုရင် ရလဒ်ကောင်းတွေ ရရှိမှာပါ။ ဒီလို အမျိုးသားအားကစားပွဲတော်ကို ကျင်းပပေးတဲ့အတွက် ဒီပြိုင်ပွဲက တစ်ဆင့် ကစားသမားတွေ ထူးချွန်ထက်မြက်ပြီး ဆီးဂိမ်းပြိုင်ပွဲတွေ၊ နိုင်ငံတကာပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်"ဟု ဘိလိယက်ကစားသမား ကိုအောင်နိုင်စိုးက ပြောသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးမှ အားကစားနည်း ၂၄ မျိုး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာအားကစားနည်းများ အလိုက် လေ့ကျင့်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ **လင်းရာမ**

# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် နိုဝင်ဘာ ၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




နိုဝင်ဘာ ၉ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၆)၊ အမှတ် (၄၅) တွင် ကုန်းချော စကားပြောခြင်းသည် အချင်းချင်း စည်းလုံးချစ်ခင်မှုကို ပျက်စေတတ်ကြောင်း တင်ဆက်ထားသည့် "ကြားစကား" မျက်နှာဖုံးကာတွန်း၊ အမြီးထဲတွင် အာဟာရသိုလှောင်တတ်သော တောက်တဲ့အကြောင်း ဗဟုသုတဖြစ်ဖွယ် ဖတ်ရှုရမည့် "အမြီးထဲမှာ အာဟာရသိုလှောင်တတ်တဲ့သတ္တဝါ" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ လွန်ဆွဲတမ်းကစားကြသော ကီးကီးနှင့် ဂျိုးဂျိုး အကြောင်းသရုပ်ဖော်ထားသည့် "ကီးကီး၊ ဂျိုးဂျိုးနဲ့ လွန်ဆွဲပွဲ" နှစ်မျက်နှာကာတွန်း၊ ခေတ်မီလယ်ယာသုံးစက်ကြီးများကို ပိုမိုဆန်းသစ်တီထွင်နိုင်ရန် ငယ်ရွယ်ချိန်ကတည်းက စာကိုကြိုးစားသင်ယူကြမည်ဆိုသော ညီအစ်မနှစ်ယောက်အကြောင်း တင်ဆက်ထားသည့် "စိုးစိုးနှင့် မိုးမိုး" ဝတ္ထုကဏ္ဍ၊ သူငယ်ချင်းအချင်းချင်း ဉာဏ်စမ်းမေးခွန်းများကို အပြန်အလှန်မေးကြပုံအကြောင်း တင်ဆက်ထားသည့် "ပန်ပန်နဲ့ ဉာဏ်စမ်း" တစ်မျက်နှာကာတွန်း၊ ကြွက်ခုပ်ကောင်းသော ကြောင်အကြောင်းရေးဖွဲ့ထားသည့် ဆရာမင်းရွှေမိုး၏ "ပူစီကြောင်" ကဗျာကဏ္ဍ အပါအဝင် အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင်ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**❂ ရက်စတားအသင်းမှ**

အဲဒီပွဲစဉ်မှာ ရက်စတားအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၂၇ မိနစ်မှာ အမ်ဗမ်ပါက တစ်ဂိုး၊ ၈၄ မိနစ်မှာ မီလ်ဆင်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပြီး ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကိုတော့ ပွဲကစားချိန် ၁၃ မိနစ်မှာ မာတီနက်ဇ်က တစ်ဂိုး၊ ၄၃ မိနစ်နဲ့ ၅၃ မိနစ်တို့မှာ လီဝန်ဒိုစကီးက နှစ်ဂိုး၊ ၅၅ မိနစ်မှာ ရာဖင်ဟာက တစ်ဂိုး၊ ၇၆ မိနစ်မှာ ဖာမင်လိုပက်ဇ်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ အခုဘောလုံးရာသီမှာ ဘာစီလိုနာအသင်းနဲ့အတူ ပြိုင်ပွဲစုံ ၁၆ ပွဲပါဝင်ကစားခဲ့ရာမှာ သွင်းဂိုး ၁၉ ဂိုးအထိ ရှိလာခဲ့တာလည်းဖြစ်ပါတယ်။

အခြားသော ချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ ကလပ်ဘရုဂျ်အသင်းက အက်စ်တွန်ဗီလာအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရက်တာဒိုးနက်စ်ခ်အသင်းက ယန်းဘွိုင်းစ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဆဲလ်ဘတ်အသင်းက ဖီယင်နာအသင်းကို သုံးဂိုး-တစ်ဂိုး၊ အင်တာမီလန်အသင်းက အာဆင်နယ်အသင်းကို တစ်ဂိုး-တစ်ဂိုး၊ အက်သလက်တီကိုမက်ဒရစ်အသင်းက ပီအက်စ်ဂျီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဘရက်စ်အသင်းက စပါတာပရက်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ အတ္တလန္တာအသင်းက စတုဂတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘိုင်ယန်မြူးနစ်အသင်းက ဘင်ဖီကာအသင်းကို တစ်ဂိုး-ဂိုးမရှိ စသဖြင့် အသီးသီးအနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

**❋ နိုင်ငံတစ်ဝန်းမှ**

အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။"

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**❍ MNL မှ**

၄၅+၂ မိနစ်တွင် သက်ဝေမိုး၊ ၇၆ မိနစ်တွင် မြတ်ကောင်းခန့်နှင့် ၈၅ မိနစ်တွင် ရဲရင့်အောင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်နောက်ခံလူ သက်ဟိန်းစိုးက ရရှိသည်။

ပွဲစဉ် ၁၃ အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၃၇ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ဟံသာဝတီယူနိုက်တက်အသင်းက ၃၂ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၃၁ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၆ မှတ်၊ အား/ကာသိပ္ပံအသင်းက ရမှတ် ၂၀၊ မဟာယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းက ၁၉ မှတ်စီ၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းက ၁၁ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ရှစ်မှတ်၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက နှစ်မှတ် ရရှိထားသည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်မြို့၊ဒလမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄) ကျန်စစ်သားရပ်ကွက်၊မြဝတီမင်းကြီးလမ်း၊မြေကွက်အမှတ် (၁၆၇၅)၊ဧရိယာ(၂၅'×၅၀')ရှိသည့်၊ နှစ်(၆၀)ဂရန်တွင် ဦးတင်မောင်ဝင်း(YNG-၀၀၄၃၈၂)(၁၂/မရက(နိုင်) ၀၆၆၂၁၁)အမည်ပေါက်မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်ကို နှစ်(၆၀)မြေငှါးဂရန်တွင် တရားဝင်အမည်ပေါက်သူ ဦးတင်မောင်ဝင်း ကိုယ်တိုင်က အရှုပ်အရှင်းကင်းစွာဖြင့် လက်ဝယ်ထားရှိ ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များ ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

(လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်(LL-B)**
အထက်တန်းရှေ့နေ(စဉ်–၂၇၃၄၇)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ အထက်ပန်းဆိုးတန်းလမ်း၊ The Atrium Condo ရှိ Room No. 6 L ဟုခေါ်တွင်သည့် စတုရန်းပေ (၂၃၉၅)ပေရှိ နေအိမ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်တို့ကို Owner Book အမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းထိုက်နှင့် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ကြ၍ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါ တိုက်ခန်းရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်လှတင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၆၄၅)**
**အမှတ်– ၈၅၊ (၃၇)လမ်း ကျောက်တံတားမြို့နယ်။ ဖုန်း– ၀၉–၅၀၂၁၂၄၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင်အောင် [၁၂/မဂတ(ပြု) ၀၀၀၂၂၉]မှ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၁၇၀/၁၇၄)၊ (၇)လွှာ၊ အလျား ၃၀ပေx အနံ ၅၀ပေ အကျယ်ရှိ အခန်းအမှတ် (၇/အေ) တိုက်မျက်နှာမူလျှင် (ယာ)တိုက်ခန်းကို ရောင်းသူ ဦးမျိုးမြင့်အောင် [၁၂/ပဘတ(နိုင်)၀၃၃၀၃၁]က မိမိတရားဝင် ရောင်းချခွင့်ရှိကြောင်း တာဝန်ယူလျက် ဆက်စပ်စာချုပ်များအား ပြသ၍ ရောင်းချပိုင်ခွင့်ရှိသူထံသို့ စရန်ငွေပေးထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက် ပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ငွေအကျေ အရောင်းအဝယ်ငွေချေစာချုပ်ကို ဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးညီလင်းဖေ**
**အထက်တန်းရှေ့နေ (စဉ်–၃၅၃၂၆)**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၃၇၇၄၀၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အိမ်အမှတ်(၈၃၆/ခ)၊ ၅ လွှာ၊ စတုတ္ထထပ် (အလျား ၂၀ပေခွဲx အနံ ၆၀ပေ) အကျယ်အဝန်းရှိ ရေမီးစုံအပါအဝင်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ချိုရီလှိုင် [၁၂/ဥကတ(နိုင်) ၁၇၄၁၀၁] ကိုင်ဆောင်သူမှ မိမိတရားဝင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်အေးအေးအောင် [၁၁/ကဖန(နိုင်) ၀၄၃၀၉၀] ကိုင်ဆောင်သူမှ ဝယ်ယူရန် သဘောတူညီသောကြောင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းတို့ဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြိုးသန္တာလင်း(LL.B,DBL,DML)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၄၂၈)**
**အမှတ်(၂၃၁)၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်(အနောက်)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ် (၁၆/က) ဟုခေါ်တွင်သော ကွင်းအမှတ် (၂၀)၊ အကွက်အမှတ်– ပန်းခြံကွက်၊ ဦးပိုင်အမှတ်– ၁၆၂/က၊ အကျယ် (၅၀ပေx ၅၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧကရှိ ဂရန်မြေအမျိုးအစားမြေကွက်အား သန်လျင်မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဒေါ်မြမြ [၁၂/လမန(နိုင်) ၀၅၉၉၆၆] အမည်ဖြင့် မှတ်သားတည်ရှိသောမြေကွက်အား ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်လွင်ဦး (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၉၅) (၃–၄–၂၀၁၂)**
**အမှတ် (၅၀)၊ ဒုတိယထပ်၊ဝဲ၊ အခန်း (၉)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၅၀၂၁၄၂၊ ၀၉–၉၆၅၀၂၁၄၂**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လေလံကြော်ငြာ

၁။ MIP, AWPT, HPT & MITT ဆိပ်ကမ်းများရှိ တစ်နှစ်ကျော်နှင့် စွန့်လွှတ်လေလံကုန်သေတ္တာ (၂၄)လုံးအတွင်းရှိ Household Goods (MELAMINE), Water Pump, Heater, Roofing Nails, Luggage Cases (Raw Material), Rock Salt Form, M.S Pipe, Frozen False, Pigment Raw Material for Paint Industry, မော်တော်ဆိုင်ကယ်ဘက်ထရီအိုးမျိုးစုံ၊ အထွေထွေလူသုံးကုန်ပစ္စည်းများနှင့် LCL Shipment(၈)ခုတို့အား လက်ရှိမျက်မြင်အခြေအနေအတိုင်း (၂၈–၁၁–၂၀၂၄)ရက်နေ့(၁၃:၀၀)နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲ ရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး) ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ၁၂–၁၁–၂၀၂၄ ရက်နေ့မှ ၂၆–၁၁–၂၀၂၄ ရက်နေ့အထိ ရုံးဖွင့်ရက်/ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၁–၈၆၁၀၂၃၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ အမှတ်– ၁၈၀ ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်–၄၆၊ မြေကွက်အမှတ်– ၁၈၀၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ **ဒေါ်မြသီ (ဘ) ဦးမောင်လေး (AA–046133)**၊ [၁၂/မရက(နိုင်)၀၆၄၇၄၄] အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်အတွင်းမှ တရားဝင်ခွဲစိတ်ရခြင်းမရှိသေးသည့် လမ်းမှ မြေကွက်ကိုမျက်နှာမူပါက လက်ဝဲဘက်ခြမ်း (၂၅ပေx ၆၀ပေ)အကျယ်အဝန်းရှိ မြေနှင့် မြေပေါ်တွင်ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ဖြစ်သူ ဒေါ်မြသီ(မိခင်)နှင့် ဦးသိန်းဝင်း(ဖခင်)တို့ အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် သားသမီးများဖြစ်ကြသည့် **ဒေါ်သီတာဝင်း [၁၂/မရက(နိုင်) ၀၆၄၇၄၅]၊ ဦးကျော်ကျော်ဝင်း [၁၂/မရက(နိုင်) ၀၆၄၇၄၃]၊ ဦးကျော်စိုးဝင်း [၁၂/မရက(နိုင်) ၀၀၄၆၇၉]**တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် ပိုင်ဆိုင်မှုအရှုပ်အရှင်းတစ်စုံတစ်ရာမရှိ လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထိုသို့အရောင်းအဝယ်ပြုလုပ်ခြင်းကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝင်းယုဇနေလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၃၄၀)**

**ဒေါ်သိမ့်သိမ့်စိုးဟန်(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၉၈)**

**အမှတ်–၁၂၆၊ ပထမထပ်(ဘယ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၄၃၀၄၂၁၃၃၊ ၀၉–၈၇၉၉၅၁၁၁**

## သက်ဆိုင်ပါက ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ (၁၂)လမ်း၊ အမှတ်(၉၃၈)မြေပေါ်တွင်ဆောက်လုပ်ထားသော (၃)ခန်းတွဲ (၃ ½)ထပ်တိုက်၏ တိုက်ရှေ့မှမျက်နှာမူလျှင် လက်ဝဲဘက်(ဘယ်ဘက်)မှန်ခန်း၊ အကျယ်အဝန်း (၁၁'.၄''x ၅၁')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားစီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ကန်ထရိုက်တာ ဦးကျော်ဝင်း [၁၂/ပဘတ(နိုင်) ၀၃၅၅၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးကတိစာချုပ်ချုပ်ဆို၍ ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ သက်ဆိုင်ပါက ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျင်ယုံ ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆွေဇင်နှင်းဇော် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၄၉၉)**
**ဖုန်း– ၀၉–၄၂၁၀၉၇၈၃၂၊ ၀၉–၇၈၈၂၃၆၁၄၇**
**အမှတ်(၅၆၅)၊ ပထမထပ်၊ အခန်းအမှတ် (၁၀၃/စီ)၊ MAC Tower ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – သကတ ၁၀၊ မြေကွက်အမှတ် –၃၀၄၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ် – ၃၀၄၊ ဂေါက်ကွင်းပတ်လမ်း၊ ဒိုင်စုကျေးရွာရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဒေါ်အေးနန်း(ခ)ပေချင်း[၉/မနမ(နိုင်)၀၀၀၂၄၈]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်အေးနန်း(ခ)ပေချင်း[၉/မနမ(နိုင်)၀၀၀၂၄၈] ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်း ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာရပ်ကွက် ထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်မူရင်းမှာ လက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းကျမ်းကျိန်လွှာ(၂၀၀၉)ခုနှစ်တွင် အပိုင်ပေးမြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ မြေပုံမူရင်းမှာ နှစ်(၆၀)ဂရန်မူရင်းနှင့်အတူ ၎င်းလက်ဝယ်တွင် သိမ်းဆည်းထားရာမှ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန် ဘတ်စ်ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (YBPC) ရွေးချယ်ခြင်းဖြင့် အစုရှယ်ယာပြန်လည်ဝယ်ယူခြင်းအတွက် အတည်ပြုမည့် အထူးအထွေထွေအစည်းအဝေး ခေါ်ယူကျင်းပရန် ရည်ရွယ်သည့် အကြောင်းကြားစာ

(မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၂၁၊ ပုဒ်မခွဲ (ဃ) အရ)

၁။ ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (YBPC) သည် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၂၀ ၊ ပုဒ်မခွဲ (က) ၊ ပုဒ်မခွဲငယ် (၁) မှ (၃) အထိ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်၍ အစုရှယ်ယာရှင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကုမ္ပဏီသို့ အစုရှယ်ယာပြန်လည် ရောင်းချရန် ဆန္ဒပြုမည့် အစုရှယ်ယာများအား ရွေးချယ်ခြင်းဖြင့် အစုရှယ်ယာပြန်လည် ဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ အဖိုးစားနား့အား လက်ခံသူများက ထောက်ခံ၍ ဆန္ဒမဲပေးခြင်းမပါရှိသည့် အထူးဆုံးဖြတ်ချက်ချမှတ်ရန် ကုမ္ပဏီ၏ အထူးအထွေထွေအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) နှင့်အညီ (၃၀–၁၂–၂၀၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်ရန် စီစဉ်ရည်ရွယ်ထားပါသည်။

၂။ ကုမ္ပဏီသည် အစုရှယ်ယာရှင်များထံသို့ ပေးပို့မည့် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ ကုမ္ပဏီများ မှတ်ပုံတင်အရာရှိထံသို့ တင်ပြဆောင်ရွက်ပြီးဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(YBPC)

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအောင်ကြွယ်၏ သမီး စိမ့်စိမ့်မို့ [၁၂/သကတ(နိုင်) ၁၉၂၅၁၂]၏ BST လက်မှတ်– 73068/22 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–402935651**

## ပျောက်ဆုံးကြောင်း

ကျွန်မ မစုယဉ်အေး (ဘ) ဦးဟန်ဝင်းထွန်း [၇/တငန(နိုင်) ၂၁၇၅၉၄] ကိုင်ဆောင်သူ၏ ပတ်စ်ပို့နံပါတ် (MF–853764)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၆၅၅၇၆၆၇၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကောင်းမြတ် (ဘ) ဦးစိန်ဝင်း [၇/တငန(နိုင်)၂၁၈၁၆၉] ကိုင်ဆောင်သူ၏ ပတ်စ်ပို့နံပါတ် (MD–881680)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၇၉၆၈၂၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မဟာဆွေ(၁)လမ်း၊ မြေကွက်အမှတ်(၂၉၇) ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ တတိယထပ်၊ (၄)လွှာ၊ (ခြေရင်းခန်း)၊ အလျား(၁၁. ၅)ပေ×အနံ(၅၀)ပေရှိ တိုက်ခန်းနှင့်တိုက်ခန်းတွင် စွဲမြဲတပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဦးကျော်မင်း (၁၂/လမန(နိုင်)၀၂၃၂၉၀) မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းအိလှိုင် (၁၁/ကတန(နိုင်)၁၀၅၃၄၆)မှ စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လှိုင်ယဉ်မွန်(LL.B)**
အထက်တန်းရှေ့နေ (စဉ်–၄၁၆၄၈)
အမှတ်–(၄၃၀)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉ ၂၆၀၅၅၀၂၇၀

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃)၊ မြေကွက်အမှတ်– ၈၄(က)၊ ဧရိယာ (၀.၀၂၇)ဧက၊ မြေကွက်တည်နေရာအမှတ် (၈၄/က)၊ စိန်ပန်းလမ်း၊ (၅/၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးသောင်းရွှေ (AC–၀၆၁၂၅၆) အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်မြေ အမည်ပေါက် ဦးသောင်းရွှေ (AC–၀၆၁၂၅၆) ဖခင်ဖြစ်သူ ကွယ်လွန်၍ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်– ၁၉၉၆ (၂၈–၂–၂၄)ဖြင့် ပိုင်ဆိုင်သူ ဒေါ်စန်းစန်းဝင်း [၁၂/ဒဂန (နိုင်) ၀၂၁၆၇၅]၊ ဒေါ်ခင်မြင့် [၁၂/ရပသ (နိုင်) ၀၀၁၅၇၇]တို့မှ ဂရန်မူရင်း ပျောက်ဆုံးကြောင်းရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ အဆိုပါမြေကွက်၏ ဂရန်(မူရင်း)သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပြီး ၎င်းတို့သည် အထက်ပါနေအိမ်၌ ကိုယ်တိုင်နေထိုင်လျက်ရှိ၍ ဂရန်(မူရင်း)အား အခြားတစ်ဦးဦးထံသို့ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းလှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း လုံးဝမရှိပါဘဲ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း၊ ပန်းဘဲတန်းမြို့နယ်၊ တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်– ၅၀၂/၂၀၂၄ (၁၉–၃–၂၄) ပိုင်ဆိုင်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းအား ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် ဂရန်မိတ္တူခွင့်ပြုကြောင်းနှင့် မူလထုတ်ပေးထားသော ဂရန်မူရင်းအား ပယ်ဖျက်ကြောင်း ရုံးတွင်းအမိန့်အမှတ် (၄၂၄၂/၂၀၂၄) (၁၁–၉–၂၄)ဖြင့် မှတ်သားပြီး ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ စွယ်တော်လမ်း၊ မြေကွက်အမှတ်(၆၅၇)ဟုခေါ်တွင်သော ဦးဆန်းအောင် အမည်ပေါက်သည့် ပါမစ်(မူရင်းပါ)၊ မြေအကျယ် (ပေ၄၀x ပေ ၆၀) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသန်းဌေး [၁၂/သလန(နိုင်) ၀၀၇၂၂၁]မှ ကိုယ်တိုင်ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းထွေးကြည် [၆/မမန(နိုင်) ၁၄၀၂၂၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၅)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ညွှန်ကြားသူ**
**ဒေါ်သန်းထွေးကြည်**

**ညွှန်ကြားချက်အရ–**
**ဒေါ်ဟန်နီထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၃၆၉)**
**အမှတ်(၆၄၀၊ ခ)၊ သမိန်ဗရမ်းလမ်း၊ ၃၅–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၅၀၅၄၁၂၆**

## အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀–ရပ်ကွက်၊ ဘယသကြိန်လမ်း (အင်အားသစ်သမဝင်း)နေ ဦးမြင့်အောင် [၈/ပခက(နိုင်) ၂၃၀၇၅၃] နှင့် ဒေါ်ဝင်းရီ [၈/ပခက(နိုင်) ၁၈၄၁၃၃]တို့၏ သားဖြစ်သူ မောင်ချမ်းမြေ့အောင် [၁၂/သဃက(နိုင်) ၁၉၇၉၃၉]သည် မိဘ၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘတို့အား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်၍ ၎င်း၏ဆန္ဒအရနေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကိုလည်း (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်အောင် နှင့် ဒေါ်ဝင်းရီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြူကြူမာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၉၇၃)**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၂၅၀၁၆၁၈၉၈၊ ၀၉–၄၃၁၁၇၇၃၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇/သံဒင်း)၊ စိန်ပန်းလမ်းသွယ်၊ မြေကွက်အမှတ် (၂၃၁/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးသိန်းနိုင်[၁၂/သခန(နိုင်)၀၆၄၉၉၆]အမည်ပေါက်ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဦးကျော်ဆွေဝင်း[၈/မသန(နိုင်)၁၁၇၂၈၆]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးစံလှဖော်[၁၁/ကတန(နိုင်)၀၃၇၉၉၈] မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကေခိုင်မြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၇၄၀)**
**အမှတ်(၁၇၃၇)၊ မဏိစည်သူလမ်း၊ (၆၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။ ဖုန်း–၀၉–၂၅၀၄၉၉၇၅၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၆၈ )၊ ဆရာစံ(၁)လမ်း၊ မြေကွက်အမှတ် ( ၇၂၄ )ဟု ခေါ်တွင်သော ပါမစ်မြေကွက်သည် ဦးအုန်းသွင်၊ (စီအိုင်–၀၀၆၄၇၀) အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ခြေရင်းခြမ်း(၂၀ ပေx၆၀ ပေ)နှင့် မြေပေါ်ရှိ တစ်ထပ်နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်ဖြင့် လက်ဝယ်ထားရှိကာ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်နုရင် [၁၂/ဒဂတ( နိုင် )၀၇၄၂၃၈] ထံမှ ပြန်လည်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးလှချစ် [၁၂/ကတန(နိုင်)၀၂၆၁၃၁]က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဗိုလ်ဗိုလ်အောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၇၁၈)**
**အမှတ်(၂၇၂)၊ မြို့မလမ်း၊ ( ၃ )ရပ်ကွက်၊ တံတားမြို့၊ ကျောက်တန်းမြို့နယ်။**
**ဖုန်း–၀၉–၇၉၉၄၂၇၈၇၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ် (၃၀၀)၊ ဗိုလ်ဗထူးလမ်း၊ အိမ်အမှတ် (၃၀၀)၊ (၈၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဟုခေါ်တွင်သော ဦးကြားစွမ်း (ခ)ဇော်ဝင်း (ဘ) ဦးဆောက်မီဆုံး [၉/ခအဇ(နိုင်)၀၂၁၀၇၃] အမည်ပေါက် ပေ(၄၀x၆၀) ဧရိယာ(၀.၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀) ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မင်းထွန်း(ဘ) ဦးကျော်အောင်[၁၂/ဥကမ(နိုင်)၁၉၁၃၄၆]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤ အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော် [LL.B(Q),HGP]** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်–၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်–၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၈၈၅၀၃၂၃၁၅**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်းအကြောင်းကြားစာ

**( အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ ၁၁)**

**မရမ်းကုန်းခရိုင်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၈၃**

ဦးထွန်းမြင့်ဝင်း — လျှောက်ထားသူ။
အမှတ်(၁၅)၊ တံတားဖြူ ကန်လမ်း
(၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်
ရန်ကုန်တိုင်းဒေသကြီး

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ တံတားဖြူ ကန်လမ်း၊ အမှတ်–၁၅** ရပ်နေ အရွယ်မရောက်သေးသူ မနှင်းဝတ်ရည်ထွန်းနှင့်ၚင်းပိုင်သောပစ္စည်းအကြောင်း၊ **ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ တံတားဖြူ ကန်လမ်း၊ အမှတ်၁၅ရပ်နေ ဦးထွန်းမြင့်ဝင်း**က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မနှင်းဝတ်ရည်ထွန်း၏ ဘကြီးဖြစ်သည်ဟူ၍ ၎င်းသူ၏ ကိုယ်နှင့် ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိစေခြင်းအလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်) နေ့တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

**၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့** ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**
**ခရိုင်တရားသူကြီး**
**မရမ်းကုန်းခရိုင်တရားရုံး**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၂၇ / ၂၀၂၄–၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L–172(24–25) (Fifth Retender) | PGO–140 GL–5 Gear Oil (150) Drums | Ks |
| (၂) | DMP/L–174(24–25) (Fifth Retender) | ISO VGO 100 Gas Compressor Oil (125) Drums | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၇–၁၁–၂၀၂၄** ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံ နှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၂၂–၁၁–၂၀၂၄ ရက်နေ့ (၁၃:၀၀)**နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း–၀၆၇–၄၁၁၂၀၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ငါ၊ နွယ်နီ(၁၃)လမ်း၊ မြေကွက်အမှတ်(၄၈၁ ၁/၂)ဟုခေါ်တွင်သော (အလျား ၂၀' x အနံ ၆၀') အကျယ်ရှိ ဦးသိန်းဌေးမိုး အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အေးအေးခိုင် [၁၀/မဒန(နိုင်)၀၂၁၄၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကိုနိုင်လွင်ဦး [၁၂/ဥကမ(နိုင်)၁၈၉၃၀၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော် လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်ဝင်း (ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ(စဉ်–၄၅၄၉၀)**
**အမှတ်(၃)၊ နွယ်နီ(၁၃)လမ်း၊ (ငါ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၄၀၀၅၄၁၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁/ထူပါရုံ၊ မြေကွက်အမှတ် (၇၄၂)၊ ဧရိယာ (၃၉' x ၆၀')၊ မြေကွက်တည်နေရာ – အမှတ် ( ၇၄၂ )၊ ထူပါရုံ(၁၈) လမ်းအနောက်၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ခင်နွဲ့ (WKA–၀၀၀၆၀၉) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်နွဲ့ (WKA–၀၀၀၆၀၉)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၈၈/၂၀၂၄) (၂၂–၂–၂၀၂၄) ရရှိသူ ဒေါ်ဇင်မေသန်း [၁၂/သကတ(နိုင်)၁၅၈၇၉၇]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေခွန်ပြေစာ၊ မြေစာရင်းမှတ်ချက်ရှိ (၁၉၉၇) ခုနှစ်တွင် ဒေါ်ခင်နွဲ့မှ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့် ပတ်သက်၍ ( ၁၉၉၇ )ခုနှစ်တွင် ဘဏ်ငွေချေးရန် မြေပုံမြေရာဇဝင်ကူးယူခဲ့ပြီး မည်သည့်ဘဏ်တွင်မျှ အာမခံပစ္စည်းအဖြစ်ထားရှိကာ ဘဏ်ငွေချေးယူခဲ့ခြင်းလုံးဝမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ပါကြောင်း၊ နှစ်(၆၀) မြေငှားဂရန်မူရင်းမှာလည်းမိမိလက်ဝယ်ရှိပါကြောင်း၊အထက်ပါမြေကွက်အား အခြား မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံပစ္စည်းအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိကြောင်းနှင့် အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဒေါ်ခင်နွဲ့၏(၃–၆– ၂၀၂၄)ရက်စွဲပါတရားရုံး ကျမ်းကျိန်လွှာ၊(၅–၇–၂၀၂၄) ရက်စွဲပါရှင်းလင်းတင်ပြစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားသူသည် သက်ရှိထင်ရှားရှိကြောင်းနှင့် လွှဲအပ်ထားသော ကိုယ်စား လှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးကြောင်း တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ မြေတိုင်းလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

